မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၈၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ၌ကျင်းပမည့် အာဆီယံဆက်စပ် ထိပ်သီးအစည်းအဝေးများ တက်ရောက်မည်

နေပြည်တော် ဧပြီ ၇

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာအဘီဆစ်ဝဲချာချီဝ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မကြာမီ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးနှင့် တတိယအကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

အသက်ကယ်ကုန်းမြင့်နှင့် Cyclone Shelter တည်ဆောက်မှုကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ၌ ထူးကုမ္ပဏီများအုပ်စုက တည်ဆောက်နေသော အသက်ကယ်ကုန်းမြင့်နှင့် Cyclone Shelter တို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားအားလုံး နေထိုင်ရာနယ်မြေဒေသအရသာ ပုံသဏ္ဌာန်၊ အသွင်အပြင် ကွဲပြားခြားနားသော်လည်း ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ အတူတကွ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြသူများဖြစ် ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ

သားသမီးများကို ငယ်စဉ်ကပင် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းနေစေရန် ပျိုးထောင်ပေး အပျက်အမှောင့် လုပ်ရပ်မှန်သမျှကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်တားဆီး

နေပြည်တော် ဧပြီ ၆

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဧပြီ ၅ရက် နံနက် ၇နာရီတွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကြိမ်ချောင်းကြီးစံပြကျေးရွာ၌ လူနေအိမ်များ တည်ဆောက်ပြီးစီးမှု၊ မိသားစုများ နေထိုင်မှု၊ အိမ်ခြံဝင်းများ၌ စားပင်၊ သီးပင်များ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားမှု၊ ရေရရှိရေး ဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကသမျှင်ကျေးရွာတွင် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၇ ရက်)

လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူ နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု၊ လမ်းကွန်ရက် စီမံကိန်းလုပ်ငန်းများနှင့် Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၅ရက်နေ့က မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိကျေးရွာအနီးရှိ ရာဇဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိခဲ့သည်။

မအူပင်-ရေလဲကလေး-ရွှေတောင်-ကျိုက်ပိ-မော်လမြိုင်ကျွန်းကားလမ်းပေါ်၌ တည်ဆောက်လျက်ရှိသော ရာဇဒိုင်တံတားအမှတ်(၁)နှင့် စပ်လျဉ်း၍ သတ်မှတ်ကာလထက်စောပြီးစေရန် တံတားနှစ်ဖက်လုံး တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရေး၊ လိုအပ်သောစက်ယန္တရားနှင့် လူအင်အားများ ထပ်မံဖြည့်ဆည်း ဆောင်ရွက်ရေးတို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားခဲ့သည်။

ယင်းနေ့၌ပင် လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာသို့ရောက်ရှိခဲ့ပြီး ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဧရာဝတီတိုင်းအတွင်း ဒေသခံပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများကို ဖြည့်ဆည်းပေးလျက်ရှိရာ၌ ဒေသခံပြည်သူများကလည်း ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူပြီး ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး နိုင်ငံတော်နှင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒေသအတွင်း တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများကလည်း ကျောင်းသား ကျောင်းသူများအား ပညာတတ်များဖြစ်ရုံမျှသာမက ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း တရားဥပဒေလိုက်နာရေး၊ ကိုယ်ကျင့်တရားကောင်းသူများဖြစ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ကိန်းအောင်းနေရန် လေ့ကျင့်ပျိုးထောင်ပေးသွားကြရမည် ဖြစ်သည်။

ဧရာဝတီတိုင်း လေဘေးသင့်ဒေသခံပြည်သူများ အသက်ရှည်စွာ နေထိုင်နိုင်ရေး အကောင်အထည်ဖော်ရာ၌ ကျေးရွာများအထိ ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါမဖြစ်ပွားရန် ကာကွယ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရန်၊ လမ်းကွန်ရက်များတိုးတက်ရန် နိုင်ငံတော်နှင့်အတူ ဒေသခံပြည်သူများက ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဧပြီ ၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၁ရက် နံနက်က မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ မာန်အောင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မာန်အောင်ပြည်သူ့ဆေးရုံကြီးအတွက် ဆေးပစ္စည်းများ၊ အခြေခံပညာကျောင်းများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် ဂျာနယ်စာစောင်များ၊ အဝတ်အထည်များ၊ မာန်အောင်မြို့နယ် လူမှုရေးအသင်းအဖွဲ့များအတွက် ငွေကျပ် ၁၀သိန်းနှင့် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများကို တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

သက်တန်းအလိုက် လူငယ်တံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် ၂၀၀၉ ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲနှင့် အသက်၅၀နှင့်အထက် စီနီယာ တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကို လာမည့် မေ ၁ရက်မှ ၉ရက်အထိ မိုးလုံလေလုံအားကစားရုံ (အောင်ဆန်းအားကစားပြိုင်ကွင်း)၌ ကျင်းပမည်ဖြစ်သည်။ သက်တန်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် အသက် ၂၀နှင့်အောက်ပြိုင်ပွဲ၊ အသက် ၁၈နှစ်နှင့်အောက်ပြိုင်ပွဲ၊ အသက် ၁၆နှစ်နှင့်အောက်ပြိုင်ပွဲ၊ အသက် ၁၄နှစ်နှင့်အောက်ပြိုင်ပွဲ၊ အသက် ၁၂နှစ်နှင့်အောက်ပြိုင်ပွဲ၊ အသက် ၁၀နှစ်နှင့်အောက်ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဧပြီ ၃၀ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးခန်းတွင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။ (စစ်တုရင်အဖွဲ့ချုပ်)

မုန်တိုင်းသင့်ပြည်သူများအတွက် လှူဒါန်း

ရန်ကုန် ဧပြီ ၆

အလှူရှင် Mr. Soh Kyung Suk (ဥက္ကဋ္ဌ၊ Joy of Sharing, KOREA)နှင့်အဖွဲ့သည် ဧပြီ ၂ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ လာရောက်၍ မုန်တိုင်းသင့်ပြည်သူများအတွက် အဝတ်အထည်၊ စောင်၊ ဂက်စ်မီးဖို၊ စာရေးကိရိယာနှင့် အထွေထွေသုံးပစ္စည်းများကို လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၇-၄-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ မြန်မာသင်္ကြန်

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၀ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မြန်မာသင်္ကြန်
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၄။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ မြန်မာသင်္ကြန်
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၉)

ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း တက်ရောက်

နေပြည်တော် ဧပြီ ၆

ပဲခူးမြို့ ဘုရင့်နောင်လမ်းနှင့် ကံထူးဓမ္မရိပ်သာလမ်းများ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက်က အဆိုပါလမ်းသစ်ဖွင့်ပွဲမုခ်ဦးရှေ့၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းတက်ရောက်၍ လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပဲခူးတိုင်း ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၈ခုနှစ် တီဘီရောဂါတိုက်ဖျက်ရေးနေ့ လုပ်ငန်းဆောင်ရွက်မှု ထူးချွန်မြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်ကာ တိုင်းမှူး၊ ဇနီးနှင့် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ပြသထားသော တီဘီရောဂါဆိုင်ရာ ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဏိစည်သူဈေး၌ ခြင်ဆေးဖျန်းဆောင်ရွက်

ညောင်ဦး ဧပြီ ၆

ညောင်ဦး(ပုဂံ)မြို့နယ် မဏိစည်သူဈေးကြီးအတွင်း ပြည်သူများ ကျန်းမာသန့်ရှင်းရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးအောင်၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ကျန်းမာရေးမှူးတို့က ကြပ်မတ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇီးပင်ကန်ရွာ အဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ် ရေကူးအသံလွှင့်စက်ရုံ မွမ်းမံပြင်ဆင်မှု ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံမွမ်းမံ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ရှိသူများက အသံလွှင့်စက်ရုံ အဆောက်အအုံအဟောင်းအား မွမ်းမံပြင်ဆင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရေဒီယိုအသံလွှင့် တာဝါတိုင်အသစ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံ၌ ရေဒီယိုအသံလွှင့်တာဝါတိုင်အသစ် တပ်ဆင်သည့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရေဒီယိုအသံလွှင့်တာဝါတိုင်အသစ် တပ်ဆင်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝါတိုင်တပ်ဆင်သည့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက ရေဒီယိုအသံလွှင့်တာဝါတိုင်များ ကြံ့ခိုင်မှုစစ်ဆေးရေးကို နှစ်စဉ်စနစ်တကျ စစ်ဆေးဆောင်ရွက်ရေး၊ အသံလွှင့်စက်များကြံ့ခိုင်ရေးနှင့် လုံခြုံရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များအတိုင်း ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၇-၄-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၇။ ခါသကြၤန်အဆိုအကများ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ **ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင်** ထွန်းထွန်းဝင်း၊ ဖိုးသောကြာ၊ မေသန်းနု၊ ပပဝင်းခင်၊ ဝင့်နန္ဒာဖြိုး (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)

ညပိုင်း

- ၄:၀၀ ၁။ စစ်ချိုတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၄:၃၀ ၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၄၅ ၄။ ခါသကြၤန်အဆိုအကများ
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြုများ) (မြန်မာစာ)
- ၅:၂၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၇။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၅:၄၅ ၈။ ခါသကြၤန်အဆိုအကများ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၁၂။ ဆိုလိုက်ကြစို့
- ၇:၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ** (အပိုင်း-၂၅)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သံစဉ်** (အပိုင်း-၇)
- ၁၈။ အစီအစဉ်ပြီး၏။

မြို့ရေပေးရေး ခန္တီးတွင် ဆောင်ရွက်

ခန္တီး ဧပြီ ၆

ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မွမ်းမံပြင်ဆင်) လုပ်ငန်းများဖြစ်သော လဝကရုံးအနီး သစ်သားတံတား၊ ဝန်ထမ်းအိမ်ရာအနီး သစ်သားတံတားနှင့် ဂါလန် ၁၆၀၀ဆံ့ မြို့ရေပေးရေး သစ်သားရေစင် ပြင်ဆင်ခြင်းလုပ်ငန်းများကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆန်းမိုး ဆောင်ရွက်ရာ မြို့နယ် အမှုဆောင်အရာရှိ ဦးစိုးအောင် မတ် ၃ ရက်က ကြည့်ရှုစစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

■ *ကျောဖုံးမှ*

မေး။ ။ ဆီးချိုသွေးချိုရောဂါဖြစ်ပွားရတဲ့ အဓိကအချက်ကို ပြောပြပေးပါဦး။

ဖြေ။ ။ အစားအသောက်၊ အနေအထိုင်နဲ့ မျိုးရိုးဗီဇတွေလို့ ပြောလို့ရပါတယ်။ လူနေမှုဘဝပုံစံပြောင်းလဲလာတာဟာ အဓိကအချက်ပါပဲ။

မေး။ ။ ဒီရောဂါဟာ ဘယ်အရွယ်လောက်က စတင်ဖြစ်ပွားတတ်ပါသလဲဆရာ။

ဖြေ။ ။ မွေးရာပါဖြစ်ပွားတတ်တာ ရှိပေမယ့် သိပ်နည်းပါတယ်။ ငယ်ရွယ်ချိန်တွေမှာ ဖြစ်တတ်ပေမယ့် အသက်၄၅နှစ်ကျော်လာရင် လူတိုင်းသတိထားရမယ့် ရောဂါပါပဲ။

မေး။ ။ ဆီးချို သွေးချိုရောဂါဟာ ဘယ်လိုလူမျိုးတွေ ဖြစ်ပွားတတ်သလဲဆိုတာကို ရှင်းပြပေးပါဦး။

ဖြေ။ ။ အချို၊ အငန်နဲ့ အဆီအဆိမ့်တွေစားတာများလွန်းတဲ့သူတွေ၊ အဝလွန်တဲ့သူတွေနဲ့ ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်မပြုလုပ်တဲ့သူတွေ အဖြစ်များတတ်ပါတယ်။ လူငယ်တွေမှာ ဆီးချိုသွေးချိုရောဂါ အဆင့်(၁) ဖြစ်ပွားတတ်ကြပြီး အသက် ၄၅ နှစ်ကျော်ရင်တော့ ဆီးချိုသွေးချိုရောဂါ အဆင့်(၂) ဖြစ်ပွားတတ်ကြပါတယ်။

မေး။ ။ ဒီရောဂါဖြစ်ပွားရင် ဖြစ်ပေါ်တတ်တဲ့ရောဂါ လက္ခဏာတွေ ပြတတ်သလားဆရာ။

ဖြေ။ ။ ရှိပါတယ်။ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားခြင်း၊ ကိုယ်အလေးချိန်ကျလာခြင်း၊ ခန္ဓာကိုယ်အနံ့အပြား ယားယံခြင်းနဲ့ မျက်စိအမြင် ဝေဝါးလာခြင်းဆိုတဲ့အချက်တွေ ဖြစ်ပေါ်တတ်ပါတယ်။ ဒီလိုအချက်တွေ ဖြစ်ပေါ်ခံစားလာရပြီဆိုရင် သတိထားပြီး စစ်ဆေးသင့်ပါတယ်။

မေး။ ။ အဲဒီအချက်တွေက ဘာဖြစ်လို့ ဖြစ်ပေါ်လာရတာလဲဆရာ။

ဖြေ။ ။ အဓိကအနေနဲ့ကတော့ ခန္ဓာကိုယ်ထဲမှာ အင်ဆူလင်ဟော်မုန်း အထွက်နည်းခြင်း၊ အင်ဆူလင်ဟော်မုန်းဓာတ်လုံးဝမထွက်ခြင်းနဲ့ အင်ဆူလင်ဟော်မုန်းဓာတ်အထွက်နှုန်းကျဆင်းခြင်းတို့ကြောင့်ပါပဲ။ သွေးချိုခြင်းကိုတော့ ဖောက်စစ်မှ သိရမှာပါ။ ဒီလိုသွေးဖောက်စစ်တာကို အနည်းဆုံးသုံးကြိမ်လောက် စစ်ဆေးကြည့်သင့်ပါတယ်။

မေး။ ။ သွေးကို ဘယ်လိုစစ်ဆေးရမှာလဲဆိုတာ ရှင်းပြပေးပါဦးဆရာ။

ဖြေ။ ။ သွေးချိုနှုန်းတိုင်းတဲ့ကိရိယာနဲ့ နံနက်စာ၊ နေ့လယ်စာ၊ ညနေစာနဲ့ ညစာမစားမီ အချိန်တွေမှာ တစ်နေ့ကိုလေးကြိမ် စစ်ဆေးကြည့်သင့်ပါတယ်။အဲဒီလို ခုနစ်ရက်၊ ၁၄ရက်နဲ့ ၂၁ရက်တွေမှာ တစ်ကြိမ်စီ စစ်ဆေးကြည့်မှသာ မှန်ကန်တဲ့အဖြေ ရရှိမှာ ဖြစ်ပါတယ်။

မေး။ ။ ဆီးချို သွေးချိုရောဂါမှာ အင်ဆူလင်ဟော်မုန်းက အတော်လေး အရေးကြီးတယ်နော် ဆရာ။

ဖြေ။ ။ အရေးကြီးတာပေါ့။ ကျန်းမာတဲ့သူတစ်ဦးမှာ အင်ဆူလင်ဟော်မုန်းဆိုတာ သွေးအတွင်း သကြားဓာတ် မလွန်ကဲစေရန် ထိန်းညှိပေးထားတဲ့ ဟော်မုန်းတစ်မျိုးဖြစ်ပါတယ်။ အင်ဆူလင်ဟော်မုန်းထွက်ရှိမှု မမှန်ဘူးဆိုရင် အချိန်တိုအတွင်း သွေးထဲမှာ သကြားဓာတ်တွေပါဝင်မှု အနည်းအများဖြစ်ခြင်း၊ သွေးအတွင်း ကီတိုအက်စစ်များခြင်း၊ သွေးအတွင်း လက်တစ်အက်စစ်များခြင်းနဲ့ ခန္ဓာကိုယ်အတွင်း သွေးများပျစ်ခဲပြီး သွေးကြောပိတ်ရောဂါတွေဖြစ်ခြင်းတို့ ဖြစ်ပေါ်လာတတ်ပါတယ်။

မေး။ ။ ရေရှည်ဆိုရင်ကော ဘယ်လိုမျိုးတွေဖြစ်တတ်ပါသလဲ ဆရာ။

ဖြေ။ ။ အဲဒီလိုဖြစ်လာပြီဆိုရင် ရေရှည်မှာ သွေးကြောငယ်တွေပိတ်လာမယ်၊ မျက်စိအမြင်လွှာမှာရှိတဲ့ သွေးကြောတွေပိတ်တဲ့ရောဂါ၊ ကျောက်ကပ်မှာရှိတဲ့ သွေးကြောပိတ်တဲ့ရောဂါ၊ အာရုံကြော သွေးကြောပိတ်ရောဂါနဲ့ တစ်ဆက်တည်း ပန်းသေ ပန်းညှိုးရောဂါတွေ ဆက်တိုက်ဖြစ်ပွားတတ်ပါတယ်။ ဒါ့အပြင် ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ သွေးကြောကြီးတွေပိတ်ပြီး နှလုံးသွေးကြောပိတ်ရောဂါနဲ့ ခြေလက်သွေးကြောပိတ်ရောဂါတွေ ဖြစ်တတ်ပြီး ခြေလက်အင်္ဂါတွေ ဖြတ်တောက်ရတဲ့အထိ ဖြစ်ပွားကာ အသက်ဆုံးရှုံးနိုင်ပါတယ်။

မေး။ ။ ဆီးချိုသွေးချိုရောဂါမဖြစ်ပွားအောင် ကာကွယ်ရေးအတွက် ပြည်သူတွေကို အကြံပြုချက်လေး ပြောပြပေးပါဦး ဆရာ။

ဖြေ။ ။ အစားလျှော့စားပါ၊ ရေဆာလျှင် ရေသောက်ပါ၊ လက်ဖက်ရည်၊ အချိုရည်တွေ မသောက်ပါနဲ့၊ နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းပြုလုပ်ပါ၊ အဝမလွန်အောင်ထိန်းပါ၊ စိတ်ဖိစီးမှုနည်းအောင် အရာရာကို အကောင်းမြင်ဝါဒနဲ့ မျက်နှာမှာ အပြုံးကို အမြဲဆောင်ပါလို့ အကြံပြုချင်ပါတယ်။ ။

(မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာနယူးစ်ဝီခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၆

ဖိလစ်ပိုင်မှာ နိုင်ငံတကာ အသိအမှတ်ပြု လေယာဉ်မောင်းသင်တန်းတက်နိုင်မည်၊ ငရုတ်သီးမှုန့်၊ မျှင်ငါးပိ၊ ငါးချဉ်တို့တွင် ဆိုးဆေးများပါဝင်မှုစစ်ဆေးခြင်းနှင့် ပတ်သက်၍ ဒေါက်တာဦးကျော်လင်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ ထိုင်းနိုင်ငံသို့ လုပ်သားလေးသိန်း တရားဝင်သွားရောက် အလုပ်လုပ်ခွင့်ရရှိမည်၊ ပြန်လည်ဆယ်ယူသော ဂျပန်သင်္ဘော အရှေ့ဖျားသုံးနိုင်ငံသို့ ကုန်စည်များသယ်ပို့ပေးမည်၊ UK ကျောင်းတက်ခွင့် ဗီဇာထုတ်ပေးသည့်ပုံစံပြောင်းလဲကျင့်သုံး၊ The Hong Kong Polytechnic University တွင် မြန်မာကျောင်းသားများ စရိတ်ငြိမ်းပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်၊ ၂၀၀၉ခုနှစ် မဟာသင်္ကြန်တွင် ပြည်လမ်းမကြီးအား မဏ္ဍပ်ဆောက်လုပ်ခွင့်မပြုတော့၊ စီးပွားရေးအကျပ်အတည်းကြောင့် အချိန်မတန်မီ လေယာဉ်များကို သံရည်ကျိုသည့်နေရာ၊ ကချင်ပြည်နယ် မြစ်ကြီးနားနှင့် ပူတာအိုသို့ လေကြောင်းခရီးဖြင့် နိုင်ငံခြားသားများ သွားရောက် လေ့လာနိုင်၊ လက်ဖက်၅၇မျိုးထပ်မံပိတ်မည်၊ သင်္ကြန်မှာထိပ်တန်းတီးဝိုင်းတွေ ဘယ်မှာဖျော်ဖြေမလဲ၊ ဝက်ကုန်သည်များ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခြင်းကြောင့် ပို့ကုန်ဈေးလျှော့ကျ၊ Iron Cross ဂီတဖျော်ဖြေပွဲ ထိုင်းနိုင်ငံတွင် ပထမဦးဆုံးဖျော်ဖြေ၊ အလှပိုင်ရှင် ခရစ္စတီးနားနှင့်တွေ့ဆုံခန်း၊ မေခနှင့် မလိခမြစ်ဆုံ၌ ရေအားလျှပ်စစ်ဓာတ်အားစက်ရုံကြီး တည်ဆောက်၊ Royal Ruby Jade ဟိုတယ် လေလံပစ်ငှားရမ်းပေးရန် စီစဉ်ထား၊ ၂၀၀၉ခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းခြောက်လုံးမှ ခုနစ်လုံးဖြစ်ပေါ်နိုင်၊ ခွင့်ပြုမိန့်မရဘဲ အင်းလျားကန်နှင့် ကန်တော်ကြီးကန်များမှ ရေများကို သုံးစွဲခွင့်မပြု၊ ကွမ်းစားသူများကို ပြည်နှင်ဒဏ်ပေးမည်၊ စိုင်းစိုင်းခမ်းလှိုင်၏ အမြဲတမ်းဂေါ်လီ၊ အန္တရာယ်ရှိသော တိုင်းရင်းဆေးဝါး၊ ထိုကိုအကြောင်းပြုပြီး ငွေလိမ်လည်မှုဖြစ်ပွား၊ နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝီခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။

(သတင်းစဉ်)

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်းတွင် ဖွင့်လှစ်ထားသည့် ရေခဲဟိုတယ်အတွင်း အခန်းတစ်နေရာကို ဧပြီ ၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ရုရှားနှင့် ချီလီနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကြေညာချက်တစ်ရပ်ထုတ်ပြန်

မော်စကို ဧပြီ ၆

ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်နှင့် ချီလီသမ္မတမစ်ချယ်ဘက်ချကက်တို့သည် မော်စကို၌ ဧပြီ၄ရက်က ပူးတွဲ ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။

နှစ်နိုင်ငံ အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆက်ဆံမှုထူထောင်ရေးကို ခေါင်းဆောင်နှစ်ဦးတို့ သဘောတူကြကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

ပူးပေါင်းဆောင်ရွက်

ရုရှားနှင့် ချီလီနှစ်နိုင်ငံ ပြည်ဝင်ခွင့်ဗီဇာမပါဘဲ သွားလာရေးစာချုပ်အပါအဝင် အခြားသောစာချုပ်များချုပ်ဆိုရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူသည်။ စွမ်းအင်ကဏ္ဍနည်းပညာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်အကောင်အထည်ဖော်ရန်လည်း မစ္စတာမက်ဗီဒက်ဗ်နှင့် ဘက်ချကက်တို့ သဘောတူညီသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဝါရှင်တန်၌ ကလေးငါးဦး သေဆုံးနေသည်ကိုတွေ့ရ

ဆန်ဖရန်စစ္စကို ဧပြီ ၆

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် အသက်၇နှစ်မှ ၁၆နှစ်အတွင်းရှိသောကလေးငါးဦး သေဆုံးနေကြသည်ကို ဧပြီ၄ ရက်မွန်းလွဲပိုင်းက တွေ့ရှိကြောင်း မီဒီယာများက ဖော်ပြသည်။

တွေ့ရှိရ

သေဆုံးသူကလေးငါးဦးအနက် ၇နှစ်အရွယ်ကလေးငယ်မှအပ ကျန်လေးဦးမှာ မိန်းကလေးများ ဖြစ်ကြသည်။ ကလေးအားလုံးကို ၎င်းတို့၏ဖခင်ဖြစ်သူက သတ်ပစ်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ၎င်းတို့၏ ဖခင် အလောင်းကို ဧပြီ ၄ ရက် အစောပိုင်းက အခြားတစ်နေရာမှ တွေ့ရှိရသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းဖက်ရှင်ပြပွဲတွင် အလှမယ်တစ်ဦး ပါဝင်ပြသလျက်ရှိသည်ကို ဧပြီ ၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဥရောပခရီးစဉ် မကြုံဖူးအောင်တိုးတက်မှုရရှိဟု သမ္မတအိုဘားမား ပြောကြား

စထရာဘိုး ဧပြီ ၆

ကမ္ဘာ့စီးပွားရေးကျဆင်းမှုမှသည် အာဖဂန်နစ္စတန်စစ်ပွဲအထိ အမေရိကန်နိုင်ငံ ရင်ဆိုင်နေရသော အကျပ်အတည်းများကိုင်တွယ်ရေးတွင် မိမိ၏ဥရောပခရီးစဉ်က အမှန်တကယ်ပင် မကြုံဖူးအောင် တိုးတက်မှုများဖော်ဆောင်ပေးနိုင်ကြောင်း အမေရိကန်သမ္မတအိုဘားမားက ဧပြီ ၄ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန်သမ္မတအိုဘားမားသည် လန်ဒန်၌ ကျင်းပသည့် စက်မှုနိုင်ငံ ၂၀အုပ်စု (ဂျီ-၂၀)ထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့ပြီး ယခုအခါ ဂျာမနီနှင့်ပြင်သစ်တို့ လက်ခံကျင်းပသည့် နေတိုးအစည်းအဝေးသို့ တက်ရောက်လျက်ရှိသည်။

ရုရှား၊ တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်းဆွေးနွေးရခြင်းဖြင့် အပြုသဘောဆက်ဆံရေးအတွက် အခြေခံများကို ချမှတ်နိုင်ကြောင်း အမေရိကန်သမ္မတအိုဘားမားက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အပျက်အစီးများ

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် စစ်ဆေးရေးဂိတ်တစ်ခုအား ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဆယ်ကျော်သက်တစ်ဦးနှင့် စစ်သွေးကြွနှစ်ဦးအား အစ္စရေးတပ်ဖွဲ့ ပစ်ခတ်

ဂါဇာ ဧပြီ ၆

အစ္စရေးနိုင်ငံတောင်ပိုင်းရှိ ရဲကင်းစခန်းကို တိုက်ခိုက်သူ ဆယ်ကျော်သက် အမျိုးသမီးလေးတစ်ဦးနှင့် ဂါဇာမှပါလက်စတိုင်း စစ်သွေးကြွနှစ်ဦးတို့ကို အစ္စရေးတပ်ဖွဲ့က ဧပြီ ၄ ရက်တွင် ပစ်သတ်လိုက်ကြောင်း လုံခြုံရေးအရာရှိများက ပြောကြားသည်။

စုံစမ်းနေ

ဆယ်ကျော်သက် အမျိုးသမီးငယ်က ယင်းသို့ တိုက်ခိုက်ခြင်းမှာ အစ္စရေးနိုင်ငံတောင်ပိုင်းတွင် မကြုံစဖူးဖြစ်စဉ်တစ်ခုဖြစ်သည်ဟု ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်ပြီး ဖြစ်စဉ်၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းနေသည် ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နေတိုးထိပ်သီးအစည်းအဝေး ဆန္ဒပြမှု မီးရှို့အကြမ်းဖက်လုယက်၍ မျက်ရည်ယိုဗုံးသုံးစွဲခဲ့ရ

စထရာဘိုး ဧပြီ ၆

နေတိုးအဖွဲ့ကို ဆန့်ကျင်သည့် ဆန္ဒပြသမားများက ရိုင်းမြစ်အနီးမှ ဟိုတယ်တစ်ခုနှင့် အခြားအဆောက်အအုံများကို ဧပြီ ၄ ရက်က စီးနင်းမီးရှို့လိုက်ကြသည်။ နေတိုးထိပ်သီးအစည်းအဝေးကျင်းပရာ အနီးအနားတွင် အကြမ်းဖက်ဆန္ဒပြမှုများကို ထိန်းချုပ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မျက်ရည်ယိုဗုံးများ အသုံးပြု၍ ဆန္ဒပြသမားများအား နှိမ်နင်းခဲ့သည်။

မျက်နှာဖုံးစွပ်ထားသော လူငယ်များက မီးလောင်ဗုံးများဖြင့် ပစ်ပေါက်ပြီး ပြတင်းပေါက်များကို ရိုက်ချိုးကာ ဈေးဆိုင်များမှ ပစ္စည်းများကို လုယက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ စထရာဘိုးမြို့ အရှေ့ပိုင်းသို့ ဆုတ်ခွာပေးရသည်။ ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားစုစည်းပြီး ပြန်လည် ထိန်းပေးခဲ့ရသည်။

အဆိုးဆုံးအကြမ်းဖက်မှုမှာ ပြင်သစ်နှင့် ဂျာမနီကို ဆက်သွယ်သည့် ရိုင်းမြစ်တံတား၏ ပြင်သစ်ဘက်ခြမ်းတွင် ပေါ်ပေါက်ခဲ့သည်။ ယင်းတံတားသည် နေတိုးထိပ်သီးအစည်းအဝေးကျင်းပရာ နေရာနှင့် သုံးမိုင်ကွာဝေးသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဓာတ်ငွေ့တင်သင်္ဘော

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက် ဂျိုဂျီဆိပ်ကမ်း၌ ဆမ်ဆောင်း အကြီးစားစက်မှုလုပ်ငန်းက တည်ဆောက်ထားသည့် သဘင်္ဘော ဓာတ်ငွေ့တင်သင်္ဘော လေးစင်းကို ဧပြီ ၅ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အစ္စလမ္မာဘတ်မြို့ အသေခံတိုက်ခိုက်မှု လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၆

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ မတ် ၄ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးကြောင်း ရုပ်မြင်သံကြားဌာနက ကြေညာသည်။

ဒဏ်ရာရရှိ

အစ္စလမ္မာဘတ်မြို့ သံတမန်အကာအကွယ်ပေးရေး ရဲတပ်ဖွဲ့တန်းလျားအပြင်ဘက်၌ဖြစ်ပွားသည့် ဗုံးပေါက်ကွဲမှုမှာ အသေခံတိုက်ခိုက်ခြင်းဖြစ်ပြီး အနီးအနားဒေသများတွင် အကြမ်းဖက်သမားများ ပုန်းအောင်းနေနိုင်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုကြေညာသည်။

ဖော်ပြ

ဖောက်ခွဲအကြမ်းဖက်မှုကြောင့် ခြောက်ဦးသေဆုံးသည့်အပြင် ငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ ထို့အပြင် အခြား၁၁ဦးလည်း ပျောက်ဆုံးနေသည်ဟု ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

7-4 (04).pmd 1 4/7/2009, 3:31 AM

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး ဌာနဝန်ကြီး H.E.Dr. Anton Apriyantono ခေါင်းဆောင်သော အဖွဲ့သည် ဧပြီ ၁ရက်က ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်း ဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ ပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများနှင့် နှစ်နိုင်ငံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက် မြင့်မားရေးကိစ္စများကို ဆွေးနွေးခဲ့ကြပြီး လယ်ယာကဏ္ဍ နည်းပညာပူးပေါင်းဆောင် ရွက်ရေး နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးရေး ကိစ္စများနှင့် Work Plan ရေးဆွဲရေးကိစ္စများကို နှစ်နိုင်ငံ ဝန်ကြီးများ ဦးဆောင်၍ ဆွေးနွေးကြသည်။

ရှင်းလင်း

ဆွေးနွေးပွဲအပြီးတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးနှင့် အဖွဲ့ သည် စိုက်ပျိုးရေးပြတိုက်ရှိ ဝန်ကြီးဌာန အောက်ရှိ လုပ်ငန်း/ဌာနများ၏ ပြခန်းများ၊ မြန်မာ့စိုက်ပျိုးရေးသမိုင်းကြောင်း ပြခန်း များ၊ လယ်ယာသုံးကိရိယာပြခန်းများကို လည်းကောင်း၊ မြေပဒေသာဥယျာဉ် သစ်ခွ ပန်း အမျိုးမျိုးစိုက်ပျိုးထားရှိမှု၊ မျိုးပွားမှု များနှင့် ဆေးဖက်ဝင်သစ်ခွများ စိုက်ပျိုး ထားမှုတို့ကို လည်းကောင်း လေ့လာကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် တာဝန်ရှိ သူများက ပြသရှင်းလင်းကြကြောင်း သိရ သည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Dr. Anton Apriyantono ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(လယ်/ဆည်)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၄)နှစ်မြောက်တပ်မတော်နေ့စစ်ရေးပြအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်တင်ငွေတက်ရောက်

နေပြည်တော် ဧပြီ ၆

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို မတ် ၂၇ရက်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ရေးပြအစီအစဉ်အတိုင်း နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာ(၄)ချက် ရွတ်ဆိုခြင်းတို့ကိုဆောင်ရွက် ကြပြီး တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက မိန့်ခွန်း ပြောကြားသည်။ **(အပေါ်ပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးသည် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပသော (၆၄)နှစ်မြောက် တပ်မတော် နေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်း အနားသို့တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

တိုင်းမှူးသည် မတ် ၂၈ ရက် နံနက် ၁၀ နာရီတွင် ကွန်ပျူတာသတင်း အချက် အလက်နှင့် နည်းပညာပြပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လိုက်လံကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် တိုင်းမှူးသည် မန္တလေးမြို့ နားမကြားသော ကလေးများကျောင်း၏ (၁၁)ကြိမ်မြောက်အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း အမှတ်(၁)စက်မှုဝန်ကြီး ဌာန ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ရေးနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ရည်မှန်းချက်များ အောင်မြင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

ဆောမြို့နယ် ပညာခေတ် စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း

ဆော ဧပြီ ၆

ဆောမြို့နယ် အညာကတင်းကျေးရွာ အုပ်စု ခူးချောင်းရွာ ပညာခေတ်စာကြည့် တိုက်သို့ စာအုပ်လှူဒါန်းခြင်း အခမ်းအနား ကို ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မတ် ၁၅ရက် မွန်းလွဲ ၁နာရီက ကျင်းပ သည်။

အခမ်းအနားတွင် အလှူရှင်များ ကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင် က စာကြည့်တိုက်ကိုယ်စားမြို့နယ်စာကြည့် တိုက်များ စည်းကြပ်မှူး ကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌဦးမြတ်သိန်းထွန်းသို့ လှူဒါန်း သည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌက ခူးချောင်း ကျေးရွာဥက္ကဋ္ဌအား ဆက်လက်လှူဒါန်းသည်။ ယင်းနေ့လှူဒါန်းသည့်စာအုပ်များမှာ မဂ္ဂဇင်း ၂၅အုပ်နှင့် ဂျာနယ်မျိုးစုံ ၉၇အုပ် လှူဒါန်း ခြင်းဖြစ်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဦးအောင်သောင်း အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးသပ်ရေးနှင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာ ရေးနှစ် ရည်မှန်းချက်များ အောင်မြင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ၃ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာ ရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအပေါ်သုံးသပ် ချက်များကို မြန်မာ့ဆေးဝါးနှင့် အိမ်သုံး ပစ္စည်းလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းနှင့် မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း၊ မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်း သိမ်းရေးစက်မှုလုပ်ငန်း၊ မြန်မာ့အထည် အလိပ်လုပ်ငန်းနှင့် မြန်မာ့စားသောက်ကုန် လုပ်ငန်းတို့မှ စက်ရုံမှူးများက တင်ပြ ဆွေးနွေးကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး များက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ဆက်လက်၍ မြန်မာ့အထည်အလိပ် လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး၊ စက်မှုလုပ်ငန်းတို့မှ စိုက်ခင်းတာဝန်ခံ များနှင့် ကုန်ကြမ်းဌာန အထွေထွေမန်နေဂျာ များက စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးမှု နှင့် ကုန်ကြမ်းရရှိမှု အခြေအနေများကို သုံးသပ်တင်ပြ ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ပြည်နယ်နှင့်တိုင်းများ၏ စက်မှုလုပ်ငန်းများကြီးကြပ်ဆောင်ရွက်မှုနှင့် ဘွိုင်လာစစ်ဆေးရေး လျှပ်စစ်စစ်ဆေး ရေးလုပ်ငန်းများအား စနစ်တကျ စီစဉ် ဆောင်ရွက်နိုင်မှုအခြေအနေများကိုရှင်းလင်း တင်ပြသည်။

ဆက်လက်၍ စက်မှုညွှန်ကြားရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က ၂၀၀၈-၂၀၀၉ခုဘဏ္ဍာရေးနှစ်လုပ်ငန်း ဆောင်ရွက်မှုအပေါ် သုံးသပ်ချက်များနှင့် ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်ရည်မှန်းချက် များ အောင်မြင်ရေးအတွက် လုပ်ငန်းဌာန အသီးသီး၏ တင်ပြချက်များအပေါ် ခြုံငုံ သုံးသပ်ရှင်းလင်းတင်ပြပြီး ကုန်ထုတ်လုပ် ရောင်းချမှုနှင့် စက်စွမ်းအားပြည့် လည်ပတ် အသုံးပြုနိုင်ရေးအခြေအနေများကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီး ဌာန ဝန်ကြီးဦးအောင်သောင်းက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။
(သတင်းစဉ်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း သင်တန်းဆင်း

ပုလဲ ဧပြီ ၆

ပုလဲမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၆)၊ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁၀)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၀ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌကိုယ်စား စစ်ကိုင်းတိုင်း စီမံကိန်းဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအေးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းအသီးသီးတွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြစ်ကြီးနား၌ ဧရာဝတီမြစ် ကမ်းနားလမ်း သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဧပြီ ၆

မြစ်ကြီးနားမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၅ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးသန်းဝင်း ကြီးကြပ် သော အဖွဲ့ဝန်ထမ်းများ ဧရာဝတီမြစ် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကမ်းနားလမ်း ဝဲယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်း၊ အမှိုက်များ သတ်မှတ်နေရာသို့ စွန့်ပစ်ဆောင်ရွက်ခြင်းတို့ကို မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုး ကွင်းဆင်းကြီးကြပ်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

2009 Nikon Myanmar ဓာတ်ပုံပြိုင်ပွဲ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

Special Style Photo & Electronics နှင့် Nikon Singapore Pte., Ltd. တို့ ပူးပေါင်းကျင်းပသော 2009 Nikon Myanmar Photo Contest မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို မတ် ၂၅ရက်က The Thiripyitsaya Sky Bistro (Sakura Tower)၌ ကျင်းပရာ အခမ်းအနားသို့ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Special Style Photo & Electronics မှ မဥမ္မာက ယခုကျင်းပသော ဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွင်းရှိ Nikon Digital SLR ကင်မရာအသုံးပြုသူ ဓာတ်ပုံဝါသနာရှင်များအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့် ရှိကြောင်း၊ ဓာတ်ပုံပြိုင်ပွဲကို ၂၀၀၉ ခုနှစ်အတွက် နှစ်ကြိမ်သတ်မှတ်ပြုလုပ်ပေးမည်ဖြစ်ပြီး ပထမပြိုင်ပွဲ ခေါင်းစဉ်ဖြစ်သော Myanmar Water Festival 2009 ကို မေ ၃၁ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း၊ ဒုတိယပြိုင်ပွဲ ခေါင်းစဉ်ဖြစ်သော Rain ကို နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ Nikon အရောင်းပြခန်းသို့ ပေးပို့ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ယာပုံ)**

ချီးမြှင့်ပေးမည့်ဆုများမှာ ပထမဆု FEC.300 ၊ ဒုတိယဆု FEC.200 ၊ တတိယဆု FEC.100 နှင့် နှစ်သိမ့်ဆု သုံးဆုအဖြစ် FEC.50 စီ ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ဓာတ်ပုံပညာရှင်များဖြစ်ကြသော ဦးဖေမြင့်ဦး၊ ဦးထင်လင်းနှင့် ဦးဇော်မြင့်တို့က ပဏာမအကဲဖြတ်ရွေးချယ်ပေးပြီး နောက်ဆုံးအဆင့်ရွေးချယ်မှုကို စင်ကာပူနိုင်ငံမှ ဓာတ်ပုံအကဲဖြတ်ပညာရှင် Mr. Steven Yee Pui Chung နှင့် အဖွဲ့က ဆုရဓာတ်ပုံများကို ရွေးချယ်ပေးမည်ဖြစ်သည်။

စီစဉ်ပေးမည်

ပြိုင်ပွဲဝင်ပုံစံများကို Nikon အရောင်းပြခန်း အမှတ် ၁၈၄-၁၈၂အခန်း(ဘီ-၁) နှင်းဆီကွန်ဒို ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၁၃၈၊၃၉၇၆၁၇နှင့် အမြို့မြို့အနယ်နယ်ရှိ Nikon ကင်မရာအရောင်းကိုယ်စားလှယ်ဆိုင်များတွင်လည်း လာရောက်ထုတ်ယူနိုင်ကြောင်း၊ Nikon ကင်မရာ အသုံးပြုသူများအတွက် Nikon website နှင့် Member Card များကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Nikon Corporation ၏ မြန်မာနိုင်ငံ ကိုယ်စားလှယ်ဖြစ်သော Special Style Photo & Electronics မှ ဝယ်ယူသော ကင်မရာတိုင်းအတွက် (၁)နှစ်အာမခံဖြင့်ရောင်းချပေးနေကြောင်း၊ ကင်မရာဘူးခွံများပေါ်တွင် အာမခံ Sticker နှင့် ဘူးထဲတွင် Warranty ကတ်ပြားများ ပါရှိမှသာ ကုမ္ပဏီပစ္စည်း အစစ်အမှန်ဖြစ်ကြောင်း၊ Nikon အမျိုးအစား Nikon DSLR Camera နှင့် အပျော်တမ်းရိုက် Coolpix Digital Camera များကို Special Style Photo & Electronics (အရောင်းပြခန်းနှင့် ဝန်ဆောင်မှုဌာန)အမှတ် ၁၈၄-၁၈၂ အခန်း(ဘီ-၁) နှင်းဆီကွန်ဒို ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၁၃၈၊ ၃၉၇၆၁၇ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အောင်မြေသာစံမြို့နယ် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဧပြီ ၆

အောင်မြေသာစံမြို့နယ် (၈၇)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက် နံနက်က ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်ပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့နှင့်အတူ လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မြစ်သားမြို့နယ် ကသဲကုန်းကျေးရွာအုပ်စု၌ ရေနုတ်ကွင်းလယ်များအား ပြန်လည်ဖော်ထုတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ ဧပြီ ၅ရက်က မြောက်ဥက္ကလာပမြို့နယ် နွယ်နီ ၁၀ လမ်းနေ မောင်အောင်အောင်-မမေဇင်ကျော်တို့က မင်္ဂလာဦးအထိမ်းအမှတ်အလှူ တန်ဖိုးငွေကျပ်၁၃၀၀၀၀ တန်ဖိုးရှိ ကြက်သားဒံပေါက် ထမင်းနှစ်အိုးကို ဘိုးဘွားများအား ကျွေးမွေးနိုင်ရန်အတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (၁၂၁)



အထက(၁)လှိုင် ၁၉၈၆ မှ ၁၉၉၄ အထိ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၆

အထက(၁)လှိုင် (၁၉၈၆ မှ ၁၉၉၄ အထိ)ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ၄င်းနှစ်များ၏ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ အားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အပတ်စဉ် (တနင်္ဂနွေနေ့)တိုင်း ညနေ ၄ နာရီတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်း အစည်းအဝေးကို အထက(၁)လှိုင်ကျောင်း၌ ကျင်းပမည်ဖြစ်ရာကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများကို ကိုစိန်လွင် ဖုန်း-၀၉-၅၁-၁၁၅၂၀၊ မကျင်ငွေ ဖုန်း-၅၁၆၁၂၀၊ မအေးယုဆွေ ဖုန်း-၀၉-၅၁-၄၈၃၇၃၊ မြင့်မိုရ်သျှမ်း ဖုန်း-၀၉-၉၉-၇၂၇၆၆၊ မျိုးသီတာ(လှိုင်-၁) ဖုန်း-၅၃၄၉၄၃၊ မနီနီလွင် ဖုန်း-၂၄၉၄၆၆၊ ဇော်မိုး ဖုန်း-၅၀၁၇၃၃(Ext)၂၄၇၊ ဝင်းအောင်သန်း ဖုန်း-၀၉-၅၀-၆၈၁၆၂၊ အောင်ကျော်မိုး ဖုန်း-၅၀၁၄၆၆(Ext)၂၇၅၊ မနွယ်နွယ်ဦး ဖုန်း-၇၂၇၃၃၇၊ ကျော်သီဟ ဖုန်း-၀၉-၅၁-၀၁၂၀၆၊ ခင်နှင်းရီ ဖုန်း-၅၁၂၀၀၉၊ ထင်လင်းကျော် ဖုန်း-၀၉-၅၁-၀၈၅၉၆၊ အောင်မျိုးဝင်းနှင့် လင်းထင်ကျော်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ကွမ်းခြံကုန်းမြို့နယ် အရှေ့ပိုင်း(မြို့မ)ကျောင်းဆောင်ဆောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)က လှူဒါန်း

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)က မန္တလေးကရဏာသံစဉ်ပွဲတော် Hip Hop ပွဲတော်၊ IC ပွဲတော်ဟူသော ရန်ပုံငွေပွဲတော်များကိုကျင်းပ၍ ရရှိသော ရန်ပုံငွေဖြင့် ကွမ်းခြံကုန်းမြို့နယ် အရှေ့ပိုင်း(မြို့မ) ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းပွဲကို မတ် ၃၀ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီက အဆိုပါ ကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အတွင်းရေးမှူး(၁) ဦးရန်ပိုင်စိုး၊ အတွင်းရေးမှူး(၂)ဦးသစ်မင်းနှင့်အဆိုတော်များက ကျောင်းဆောင်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)**မြို့နယ်ပညာရေးမှူးဦးဇော်ဝင်းက ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) အနေဖြင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဂီတအစည်းအရုံးများမှ စုပေါင်းလှူဒါန်းငွေကျပ် ၆၈ သိန်းကျော်ကို ဇန်နဝါရီ ၁၁ရက်က ကွမ်းခြံကုန်းမြို့တွင် လှူဒါန်းခဲ့ကြောင်း၊ မန္တလေးကရဏာသံစဉ်ပွဲတော်မှရရှိသော အလှူငွေများကို ပထမအကြိမ်အဖြစ် ၂၀၀၈ခုနှစ် ဇူလိုင် ၂ရက်က ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်၌ သွားရောက်လှူဒါန်းခဲ့ပြီး ယခုလှူဒါန်းခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း၊ Hip Hop ပွဲတော်မှ ရရှိငွေများအားလုံးကို တစုတပေါင်းတည်း ကျောင်းဆောင်သစ်လှူဒါန်းခြင်းဖြစ်ပြီး IC ပွဲတော်မှ ရရှိငွေများမှ ကျပ် ၁၃၀၅ သိန်းကျော်ကို ပထမအကြိမ် လှူဒါန်းခဲ့ကာ ယခု ဆက်လက်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ကွမ်းခြံကုန်းမြို့နယ် အရှေ့ပိုင်း(မြို့မ) ကျောင်းဆောင်သစ်အတွက် စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် ၂၁၇သိန်းကျော်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြိတ်၌ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မြိတ် ဧပြီ ၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြိတ်ခရိုင်ရုံးက ကြီးမှူးဖွင့်လှစ်သော ကျေးရွာစာကြည့်တိုက်မှူးများ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း (၁/၂၀၀၉) သင်တန်းဖွင့်ပွဲကို မတ်၂၁ရက် နံနက်၈နာရီက မြိတ်မြို့နယ် ကလွင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးလှမြင့်၊ ဦးစီးမှူး ဒေါ်သန်းသန်းဌေး၊ စာထောက်(၃)ဒေါ်နေနွယ်ဦးနှင့် စာရေးကြီးတို့က မိမိတို့တာဝန်ကျဘာသာရပ်များကို သင်ကြားပို့ချကြသည်။

ထို့နောက် မတ်၂၂ရက် ညနေ၄ နာရီက သင်တန်းဆင်းပွဲ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုက သင်တန်းဆင်းအမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးငွေကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ သင်တန်းတွင် ဆုရရှိသူများအား ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးကောင်းမြို့နယ် စည်ပင် ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်

မိုးကောင်း ဧပြီ ၆

မိုးကောင်းမြို့နယ် ညောင်ကုန်း-အထက်ရေရှင်ကျေးရွာချင်းဆက်လမ်း ကောင်းမွန်ရေးအတွက် ညောင်ကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ရာ၏ ဦးဆောင်မှုဖြင့် ကျေးရွာနေပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ မတ် ၁၇ရက်က လမ်းပြုပြင်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကြီးကြပ်ပေးကြောင်း သိရသည်။ (၀၀၁)

နွားထိုးကြီး ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်ဘူး လှူဒါန်း

နွားထိုးကြီး ဧပြီ ၆

နွားထိုးကြီးပြည်သူ့ဆေးရုံအတွက် အသက်ကယ်အောက်ဆီဂျင်ဘူး လှူဒါန်းပွဲကို မတ်၂၁ရက်က မြို့နယ်ဆေးရုံ၌ ကျင်းပရာ အလှူရှင် မြင်းခြံမြို့နယ် ကံရွာမှ ဦးသန်းဇော်မိုးက လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူးထံ ကာလတန်ဖိုး ငွေကျပ်နှစ်သိန်းတန် အသက်ကယ်အောက်ဆီဂျင်ဘူးနှင့် ကိရိယာတစ်စုံကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၀၉၂)

ကဝမြို့နယ်အတွင်း နေလှန်းဆားလုပ်ငန်းဆောင်ရွက်နေမှု ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၅ရက်တွင် ပဲခူးတိုင်း ကဝမြို့နယ် သမ္ဘန်ဆိပ်ကျေးရွာရှိ နေလှန်းဆားလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းမြန်မာ့ဆားလုပ်ငန်း မန်နေဂျာ ဦးကြည်ဝင်းက နေလှန်းဆားလုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဝန်ကြီးသည် နေလှန်းဆားလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုပြီး လုပ်သားများအား ထောက်ပံ့ငွေများကိုပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဆားချက်လုပ်ငန်းရှင် ဦးမျိုးဇော်နှင့် ဦးလှဟန်တို့၏ ဒေသဆားချက်ဖိုများသို့ ရောက်ရှိပြီး ဆားချက်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုသည်။

တိုးချဲ့ဆောင်ရွက်

ပဲခူးတိုင်း ကဝမြို့နယ်အတွင်း ဆောင်ရွက်နေသော နေလှန်းဆားလုပ်ငန်းသည် ယခင်က ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ယခုနှစ်မှသာ မြန်မာ့ဆားလုပ်ငန်းနှင့် ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိရာ ဆားလုပ်ငန်းရာသီကုန်တွင် ပိဿာချိန် တစ်သိန်းကျော်ခန့် ထွက်ရှိမည်ဖြစ်သည်။ ထွက်ရှိလာသော နေလှန်းဆားများကိုလည်း ပဲခူးတိုင်းအတွင်းရှိ ငါးလုပ်ငန်းရှင်များအား ရောင်းချသွားမည်ဖြစ်သည်။ စီးပွားရေး တွက်ခြေကိုက်သည့် လုပ်ငန်းဖြစ်၍ လာမည့်နှစ်တွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ထွက်ရှိ

ပဲခူးတိုင်းအတွင်းရှိ သမားရိုးကျ ဆားချက်လုပ်ငန်းများသည် ကဝမြို့နယ်တွင် ဆားဖို ၁၆၉ဖိုနှင့် သနပ်ပင်မြို့နယ်တွင် ဆားဖို၅၀ရှိသဖြင့် စုစုပေါင်း ၂၁၉ဖိုရှိ၍ ၄င်းဆားချက်ဖိုများမှ တစ်နေ့လျှင် ပိဿာ၈၀ခန့်ထွက်ရှိနေပြီး ဆားချက်လုပ်ငန်းရာသီကုန်တွင် ပိဿာ ခြောက်သိန်းခန့် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးတိုင်း ကဝမြို့နယ် သမ္ဘန်ဆိပ်ကျေးရွာရှိ နေလှန်းဆားလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(ရထား)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H. E. Dato' Mazlan Bin Muhammad နှင့် တာဝန်ရှိသူများ မလေးရှားနိုင်ငံ Petronas ရေနံကုမ္ပဏီက လှူဒါန်းသည့် မြိုင်သာယာကျေးရွာသစ်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (စွမ်းအင်)

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ရှိ မြိုင်သာယာကျေးရွာသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဧပြီ ၅ရက်တွင် ကျင်းပသော စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ Petronas ရေနံကုမ္ပဏီက လှူဒါန်းသည့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်ရှိ မြိုင်သာယာ ကျေးရွာသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H. E. Dato' Mazlan Bin Muhammad နှင့် Petronas ကုမ္ပဏီမှ General Manager, Mr. Muhammad Zaini Muhammad Yunas တို့က မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြိုင်သာယာ ကျေးရွာသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် အခမ်းအနားကို ကျေးရွာရှင်းလင်းဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီးက မြိုင်သာယာကျေးရွာသစ် ပေါ်ပေါက်လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးနှင့် Petronas ရေနံကုမ္ပဏီမှ တာဝန်ရှိသူတို့က မြိုင်သာယာကျေးရွာသစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ Petronas ရေနံကုမ္ပဏီမှ Country Manager, Mr. Abu Bakr က ကျေးရွာနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကွမ်းခြံကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မလေးရှားနိုင်ငံသံအမတ်ကြီးနှင့် Petronas ရေနံကုမ္ပဏီမှ တာဝန်ရှိသူများက မြိုင်သာယာကျေးရွာရှိ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးသည် ကွမ်းခြံကုန်းမြို့နယ်တစ်ခုလုံးရှိ အိမ်ထောင်စုတိုင်းအတွက် စီမံဆောင်ရွက်ပေးမည့် ဇီဝလောင်စာသုံး ညကြည့်မီးအိမ် နမူနာပုံစံကို ဒေသခံပြည်သူများအား ရှင်းလင်းသရုပ်ပြသပြီး ဝန်ကြီးနှင့်အဖွဲ့သည် မြိုင်သာယာကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

တာဝန်ယူတည်ဆောက်

မြိုင်သာယာကျေးရွာသည် နာဂစ်လေမုန်တိုင်းဒဏ်ကြောင့် တစ်ရွာလုံးပျက်စီးခဲ့ရသော ကျေးရွာတစ်ရွာဖြစ်သည်။ ယခုအခါ မလေးရှားနိုင်ငံ Petronas ရေနံကုမ္ပဏီက အိမ်ထောင်စုပေါင်း ၃၉စုတို့အတွက် နေအိမ်၃၉လုံး လှူဒါန်းပြီး နယ်မြေဆောက်လုပ်ရေးတာဝန်ခံ Asia World ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးကာ နေအိမ်တိုင်း မီးရရှိရေးကို စီမံဆောင်ရွက်ပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

အင်ဂျင်လည်ပတ်စေကာ ကုန်ခန်းသွားသည့်စွမ်းအင်ကို အစားထိုး ပြန်ဖြည့်စေမည့် နည်းစနစ်ဖြစ်သည်။ လီသီယမ်အိုင်းယွန်းဘက်ထရီများကို အသုံးပြုထားသဖြင့် လျှပ်စစ်စွမ်းအင် ပိုမိုထွက်ရှိစေသည့်အပြင် အင်ဂျင်လည်ပတ်သောအခါ အသံထွက်မှု မရှိအောင်လည်း နည်းပညာ ထည့်သွင်းထားသည်။

အချိန်တိုအတွင်း

တစ်နာရီလျှင် ၈၅မိုင်အထိ မောင်းနှင်နိုင်ပြီး အမြန်ဆုံးမှာ တစ်နာရီ၁၃၅မိုင်နှုန်းဖြစ်သည်။ ဘက်ထရီအားသုံး မော်တော်ယာဉ်များအတွက် အင်အားကုန်ခန်းသွားသော ဘက်ထရီများကို အချိန်တိုအတွင်း ပြန်လည်အားဖြည့်နိုင်စေရန် နေရာအနှံ့အပြားတွင် ဘက်ထရီအားသွင်းဆိုင်များလည်း ပြုလုပ်ပေးထားမည်ဖြစ်သည်။

မီးခိုးမထွက်

အဆိုပါကားများသည် မီးခိုးမထွက်၊ အသံမထွက်သဖြင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့နည်းကျဆင်းစေပြီး ကျန်းမာရေးကိုလည်း အထောက်အကူပြုစေသဖြင့် မကြာမီကာလအတွင်း ကမ္ဘာတစ်ဝန်း အသုံးပြုမှုများလာမည့် မော်တော်ယာဉ်အမျိုးအစား ဖြစ်သည်။

တန်ဖိုးမြင့်မား

လောလောဆယ်အခြေအနေ၌ အဆိုပါ မော်တော်ယာဉ်များတွင် အသုံးပြုမည့် ဘက်ထရီ၏ တန်ဖိုးမှာ မြင့်မားနေသဖြင့် အသေးစိတ် စိစစ်လျက်ရှိသည်။ သို့သော် စက်သုံးဆီ အသုံးပြုထားသော မော်တော်ယာဉ်များထက် ရေရှည်တွင် ကုန်ကျစရိတ် သက်သာမည်ဖြစ်သည်။

မောင်းနှင်

ထို့ကြောင့် နိုင်ငံတကာ ကားလမ်းများပေါ်တွင် မကြာမီကာလအတွင်း အသံမဲ့ ဘက်ထရီအားသုံး မော်တော်ယာဉ်များ မောင်းနှင်သွားလာမှုများကို မြင်တွေ့ရတော့မည်ဖြစ်ပါကြောင်း။

(အင်တာနက်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့တွင် ၄၃ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ် စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ၂၃လက်မနှင့် ကော့သောင်းမြို့တွင် ၀ဒသမ၁၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဧပြီ ၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

❒ *ကျောဖုံးမှ*

အဆိုပါ ခြေစမ်းပွဲတွင် အနိုင်ရရှိသော အသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက ဆုကြေးကျပ် ၂၅သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး အကောင်းဆုံးဘောလုံးသမားဆု ရရှိသူကိုလည်း ကျပ်ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် ကျပ်ငါးရာ သတ်မှတ်ထားကြောင်း သိရသည်။

သူတို့ပါဝင်

ဧပြီလအတွင်း ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းမှာ ပဏာမကစားသမား၂၃ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်းနှင့် ဂိုးနည်းပြ ဦးအောင်ကျော်ကျော် တို့က ဆောင်ရွက်လျက်ရှိသည်။ ပဏာမ လက်ရွေးစင် ၂၃ဦးမှာ **(ဂိုး)** ကျော်ဇင်ထက်၊ ဇော်မိုးထက်၊ ဟိန်းကျော်သူ၊ **(နောက်တန်း)** ဟန်ဝင်းအောင်၊ မိုးဝင်း၊ အေးဆန်း၊ ခင်မောင်လွင်၊ မျိုးဇော်ထွန်း၊ ဝင်းမင်းထွဋ်၊ ဇော်ဇော်ဦး၊ **(အလယ်တန်း)** ဘိုဘိုအောင်၊ ဇော်ထက်အောင်၊ အောင်မျိုးသန့်၊ စိုးသီဟအောင်၊ ထွန်းထွန်းဝင်း၊ မျိုးမင်းထွန်း၊ ပိုင်စိုး၊ စိုးမင်းနိုင်၊ တင်ဝင်းအောင်၊ **(ရှေ့တန်း)** ပြည့်ဖြိုးဦး၊ ရာဇာဝင်းသိန်း၊ အောင်ကျော်မျိုးနှင့် ကျော်သီဟတို့ဖြစ်ကြသည်။

မေလအတွင်းကျင်းပမည့် AFC President's Cup ဘောလုံးပြိုင်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် ကမ္ဘောဇအသင်းမှာ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ရန် စာချုပ်ချုပ်ဆိုထားသည့် ကစားသမား ၃၀ထဲမှ ၂၂ဦးရွေးချယ်ထားပြီး လက်ရွေးစင်ဟောင်း တိုက်စစ်မှူး စိုးမြတ်မင်းကိုလည်း အငှားဖြင့် ခေါ်ယူကစားသွားမည် ဖြစ်သည်။ AFC President's Cup ဘောလုံးပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသော ကစားသမားများမှာ **ဂိုးသမား**-ကျော်ဇင်ထက်၊ ရဝေဇင်၊ ဖြိုးမင်းမောင်၊ **နောက်တန်း**-ဟန်ဝင်းအောင်၊ မင်းမင်းထွန်း၊ မိုးဝင်း၊ အေးဆန်း၊ ဝင်းမင်းထွဋ်၊ အောင်ဝင်းနိုင်၊ မျိုးမြင့်အောင်၊ ဉာဏ်လွင်၊ **အလယ်တန်း**- နေဇော်ထက်၊ အောင်သန်းဝင်း၊ အောင်ကျော်ဦး၊ ခင်မောင်လွင်၊ နေဝင်းအောင်၊ တင့်နိုင်ထွန်းသိန်း၊ နေဝင်း၊ **ရှေ့တန်း**-စိုးမင်းဦး၊ ကျော်သီဟ၊ စိုးမြတ်မင်း၊ စထက်နိုင်ဝင်းနှင့် တင်အောင်မိုး တို့ပါဝင်ကြသည်။

(မြန်မာ့အလင်း)



Diamond City Hyper Mart ၏ သင်္ကြန် အထူးဈေးရောင်းပွဲတော်ကို လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း လမ်းမကြီးပေါ်တွင် ဧပြီ ၄ရက်က ကျင်းပရာ Admin ဌာနမှ မန်နေဂျာ ဦးဆန်းမြင့်လွင်နှင့် TRI Company မှ ဦးစိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၂၉)

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာတွင် ရေရရှိရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်း လှည့်လည်၍ ပုံမှန်စီးပွားရေး ရောင်းဝယ်ဖြစ်ထွန်းနေမှု၊ ပျိုးဥယျာဉ်တွင် အရိပ်ရလေကာပင်များ ပျိုးထောင်ထားမှု၊ အရိပ်ရလေကာပင်များ ရှင်သန်ကြီးထွားနေမှု၊ အိမ်ခြံဝင်းများ၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားမှုတို့ကို ဖို့မြေအောက်ခြေတွင် အရိပ်ရလေကာပင်များကို မြေထိန်းနံရံအဖြစ် စိုက်ပျိုးသွားရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် Cyclone Shelter ပုံစံငယ်ပြသထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး အမာ-ထော်ပိုင်လမ်းအူကြောင်း ရှာဖွေ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘိုကလေးမြို့နယ် ကသမျှင်ကျေးရွာ တိုင်းရင်းသားပြည်သူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ဖောက်လုပ်နေမှုအခြေအနေကို ရဟတ်ယာဉ်ပေါ်မှကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့နယ် ရွှေပြည်အေးကျေးရွာ(ထော်ပိုင်)သို့ ရောက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နေထိုင်စားသောက်မှုနှင့် စီးပွားရေးလုပ်ငန်း အခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်သည်။

ယင်းနောက် ကျေးရွာအခြေခံပညာ မူလတန်းကျောင်း(ခွဲ)၌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျွဲ၊ နွား၊ ဝက်စွန့်ပစ်ပစ္စည်းဖြင့်ပြုလုပ်ထားသည့် ဇီဝဘက်ထရီမှ မီးထွန်းနိုင်မှုကို ရှင်းလင်းပြသပြီး ဇီဝဘက်ထရီကို အသုံးပြုခြင်းဖြင့် မီးထွန်းနိုင်ရုံသာမက ငွေကုန်သက်သာပြီး မီးဘေးအန္တရာယ်ပါ ကင်းဝေးသဖြင့် အိမ်တိုင်းအသုံးပြုနိုင်ရေးကို ကျေးရွာဥက္ကဋ္ဌက စီမံဆောင်ရွက်ပေးရန် မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ခရစ်ယာန်ဘုရားကျောင်းအတွက် မီးစက်နှင့် စောင်များကိုလည်းကောင်း၊ ကျေးရွာပြည်သူများအတွက် မီးစက်နှင့် မီးချောင်းများကိုလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ဆိုလာမီးအိမ်များကိုလည်းကောင်း၊ ကျေးရွာစိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးရေး လက်သုံးကိရိယာများနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ခရီးလမ်းတစ်လျှောက်ရှိ ရေငန်တား တာတမံများ တည်ဆောက်ထားမှုနှင့် စက်ဆန်း-ကျုံကဒွန်းကားလမ်း ဖောက်လုပ်နေမှုများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ကသမျှင်ကျေးရွာသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေးပြီး နေအိမ်များရှိ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီး စံပြကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ကြိမ်ချောင်းကြီး-ကဒုံကနိ ကားလမ်းဖောက်လုပ်နေမှုကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကဒုံကနိကျေးရွာ၌ ထူးကုမ္ပဏီများအုပ်စုက တည်ဆောက်နေသော အသက်ကယ်ကုန်းမြင့်နှင့် Cyclone Shelter တို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ကဒုံကနိကျေးရွာ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ကျွဲ၊ နွား၊ ဝက် စွန့်ပစ်ပစ္စည်းဖြင့် ပြုလုပ်ထားသည့် ဇီဝဘက်ထရီမှ မီးထွန်းနိုင်မှုအခြေအနေကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာပြည်သူများအား ရှင်းလင်းပြသပြီး အိမ်တိုင်းတွင် ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်ရေး စီမံဆောင်ရွက်ပေးရန် ကျေးရွာဥက္ကဋ္ဌအား မှာကြားသည်။

ယင်းနောက် ထူးကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးတေဇက ကဒုံကနိကျေးရွာ၌ အသက်ကယ်ကုန်းမြင့်နှင့် Cyclone Shelter တည်ဆောက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က အသက်ကယ်ကုန်းမြင့် မြေသားများခိုင်မြဲစေရန်အတွက် မြက်ကပ်ရန်နှင့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာတွင် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကြိုဆိုနေကြသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး သိလိုသည်များကို မေးမြန်းသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံကြသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကျွဲ၊ နွား၊ ဝက် စွန့်ပစ်ပစ္စည်းဖြင့် ပြုလုပ်ထားသည့် ဇီဝဘက်ထရီမှ မီးထွန်းနိုင်မှုကို ရှင်းလင်းပြသသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ခရစ်ယာန်ကျောင်းအတွက် မီးစက်နှင့်စောင်များကိုလည်းကောင်း၊ ကျေးရွာအတွက် မီးစက်နှင့် မီးချောင်းများကိုလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ဆိုလာမီးအိမ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် စိုက်ပျိုးရေး လက်သုံးကိရိယာများနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ ကျေးရွာ တိုင်းရင်းသားပြည်သူများကိုယ်စား ဒေါ်ကပေါ်ထူးနှင့် ဦးစောဂေးလေတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နာဂစ်မုန်တိုင်း ကျရောက်ခဲ့စဉ်က အဆုံးအရှုံး အပျက်အစီးများသည့် ကျေးရွာများကို ဦးစားပေး သွားရောက်ခဲ့ရကြောင်း၊ အပျက်အစီး အဆုံးအရှုံးအနည်းငယ်သာရှိသော ကျေးရွာများသို့ ကိုယ်တိုင်မရောက်ရှိနိုင်သေးသော်လည်း နယ်မြေတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လတ်တလောဆောင်ရွက်ပေးသင့်သည်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု မိမိနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါ၍ ကျေးရွာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု

ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ သားသမီးများကိုလည်း ငယ်ရွယ်စဉ်ကပင် ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းနေစေရအောင် ပျိုးထောင်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် အဖျက်အမှောင့်လုပ်ရပ်မှန်သမျှကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်တားဆီးသွားကြရန်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာ တိုင်းရင်းသားပြည်သူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ရွှေပြည်အေးကျေးရွာ(ထော်ပိုင်)တွင် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ရွှေပြည်အေးကျေးရွာ(ထော်ပိုင်) ခရစ်ယာန် ဘုရားကျောင်းအတွက် မီးစက်နှင့် စောင်များကို ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာတွင် ကျွဲ၊ နွား၊ ဝက် စွန့်ပစ်ပစ္စည်းဖြင့် ပြုလုပ်ထားသည့် ဇီဝဘက်ထရီမှ မီးထွန်းနိုင်မှုအခြေအနေကိုဒေသခံပြည်သူများအား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ဖြည့်စွက်တင်ပြ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ဘိုကလေးမြို့ ကွပ်ကဲရေးရုံး၌ ဝန်ကြီးချုပ်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ဧရာဝတီတိုင်းအတွင်း ရေငန်တား တာတမံများတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က ဖြည့်စွက်တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာ၌ လူနေအိမ်များ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျွဲ၊ နွား၊ ဝက်စွန့်ပစ်ပစ္စည်းဖြင့် ပြုလုပ်ထားသည့် ဇီဝဘက်ထရီကို အသုံးပြုခြင်းဖြင့် မီးထွန်းနိုင်ရုံသာမက ငွေကုန်သက်သာပြီး မီးဘေးအန္တရာယ်ပါကင်းဝေးသဖြင့် အိမ်တိုင်း အသုံးပြုနိုင်ရေး စီမံဆောင်ရွက်။

မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ရည်မှန်းတည်ဆောက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေဒေသများအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် အထူးဖွံ့ဖြိုးရေးဒေသကြီး စီမံကိန်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်က နယ်ချဲ့၏သွေးခွဲအုပ်ချုပ်ရေးအောက်တွင် နှစ်ပေါင်းများစွာ နေခဲ့ရသည့်အတွက် လွတ်လပ်ရေးရပြီးသည့်တိုင် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များဝင်ပြီး လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများဖြင့် ကိုယ့်တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင်ကာ နှစ်ပေါင်း ၄၀ ကျော် ၅၀ခန့် တိုက်ခိုက်ခဲ့ကြသည့်အတွက် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်ရေး နောက်ကျကျန်ခဲ့ရကြောင်း၊ အမှန်မှာ မိမိတို့ တိုင်းရင်းသားအားလုံးသည် နေထိုင်ရာ နယ်မြေဒေသအရသာ ပုံသဏ္ဌာန်၊ အသွင်အပြင်ကွဲပြားခြားနားသော်လည်း ပြည်ထောင်စုကြီးအတွင်းမှာ အေးအတူပူအမျှ အတူတကွ နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ကြသူများဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်

ပါးချိတ်ရောင်ရောဂါ

ယုဝတီ ခင်ဦး

တူမလေး နွယ်နီအောင်သည် ပါးဖောင်းဖောင်း၊ မေးရိုးကားကားနှင့် ပါးချိတ်ရောင်နေသော ၁၀နှစ်ခန့် ကလေးတစ်ဦးကို လက်ဆွဲ၍ အိမ်သို့ခေါ်လာပါသည်။ ကျွန်မသည် ခြံထဲမှ စံပယ်ပန်းများကို ခူးနေရာမှ "ဟယ်-ကလေးက ပါးချိတ်ကြီးနှစ်ဖက်စလုံးရောင်နေပါလား"ဟု ပြောပြီး စံပယ်ပန်းတွေကို ဘုရားတင်ရန် အိမ်ထဲမှကလေးတစ်ဦးကို လှမ်းခေါ်၍ ပေးလိုက်ပါသည်။ "သူ့နာမည်က အောင်အောင်လို့ခေါ်တယ် ကြီးမေ၊ နွယ်နီတို့အိမ်နားက ကလေးလေ၊ သူတို့ကျောင်းမှာ ယောကျ်ားလေးတွေ တော်တော်များများ ပါးချိတ်ရောင်တာ ဖြစ်နေလို့ ကလေးတွေ ကျောင်းမတက်ကြရဘူး"

"ပါးချိတ်ရောင်တာက ကူးတတ်တယ်နော် ကြီးကြီးမေ"

"ဟုတ်တယ်၊ ပါးချိတ်ရောင်တာကို မော်နာလို့လည်းခေါ်ကြတယ်။ ၅နှစ်ကနေ ၁၅နှစ်အရွယ်လောက်ထိ ဖြစ်တတ်တယ်လေ သမီးရဲ့"

ကျွန်မသည် စံပယ်ရုံအောက်ရှိ ခုံတန်းရှည်တစ်ခုပေါ်၌ ထိုင်လိုက်ပါသည်။ "လာ သမီး၊ ကြီးမေနဲ့အတူ ထိုင်လေ ကလေးကိုခြံထဲမှာ ဆော့ခိုင်းလိုက်ပေါ့"

အောင်အောင်သည် ခြံထဲမှာ ဘောလုံးတစ်လုံးနှင့် ပြေးလွှားနေပါသည်။

"ကြီးကြီးမေရေ၊ ဖြစ်စတုန်းကနာလွန်းလို့ တံတွေးတောင်မမျိုနိုင်ရှာဘူး၊ ဖျားလဲဖျားတယ်၊ ခုမှ ဆရာဝန်နဲ့ကုလို့ သက်သာလာတာ၊ ပါးချိတ်ရောင်တယ်ဆိုတာ ဘာဖြစ်တာလဲ ကြီးကြီးမေ"

"ပါးချိတ်ရောင်တာကတော့ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တာ၊ စဖြစ်တော့ အကျိတ်က နားရွက်အောက်ကနေပြီး မေးရိုးထိပြန့်သွားတယ်၊ မေးရိုးကြီးကားပြီးဖောင်းနေတာပေါ့။ ပါးအကျိတ်ထဲကနေပြီးတော့ တံတွေးပြွန်လေးတွေက ပါးစပ်ထဲကို တံတွေးရောက်လာတဲ့အခါ ချောင်းဆိုးရင်၊ စကားပြောရင် တံတွေးစက် စဉ်တဲ့အခါ ဗိုင်းရပ်စ်ပိုးက တစ်ယောက်နဲ့တစ်ယောက် ကူးတော့တာပဲ။ အများအားဖြင့် ကလေးတွေက ၅နှစ်ကနေ ၁၅နှစ်အတွင်း ပါးချိတ်ရောင်တာ ဖြစ်တတ်တယ်။ အဲဒီပါးချိတ်ရောင်တာက ယောကျ်ားလေးတွေမှာဆိုရင် ဝှေးစေ့ရောင်တဲ့ ရောဂါရနိုင်တယ်။ အဲဒီပါးချိတ်ရောင်တာဟာ ယောကျ်ားလေးတွေမှာဆိုရင် တချို့ ပါးချိတ်ရောင်တဲ့လူတွေမှာတော့ ဦးနှောက်အမြှေးပါးရောင်တတ်တယ်။ ပါးချိတ်နာလို့ရှိရင် ပါရာစီတမောနဲ့ ဆရာဝန်ပေးတဲ့ဆေးကို သောက်ရမှာပေါ့။ ပါးချိတ်ရောင်ပြီး တချို့ဝှေးစေ့ရောင်တဲ့ လက္ခဏာရှိတဲ့ လူပျိုပေါက် အရွယ်မှာတော့ ဝှေးစေ့ရောင်တဲ့ လက္ခဏာပြင်းထန်ရင် အသက်ကြီးတဲ့အခါ ကလေးမရဘဲ ကလေးမြုံ တတ်တယ်။

စံပယ်ရနံ့လေးတွေက သင်းပျံ့မွှေးကြိုင်နေသည်။ နွယ်နီသည် စံပယ်ပွင့်လေးတွေကိုခူးရင်း ဆံထုံးတွင် ပန်လိုက်သည်။

"ကြီးကြီးမေ၊ တချို့အမေတွေက ပါးချိတ်ရောင်တာကို မဲနယ်လူးပေးကြတယ်။ တချို့က ထုံးနဲ့နနွင်း လူးပေးကြတယ်"

"ဒါကတော့ ရှေးထုံးစဉ်လာလုပ်ကြတာပဲ။ ဆရာဝန်တွေကတော့ ပဋိဇီဝဆေးတို့၊ အရောင်ကျတဲ့ဆေး၊ အဖျားကျတဲ့ဆေးတို့ ပေးတာပေါ့"

"ပါးချိတ်ရောင်တာက တစ်ခါပေါက်ပြီးရင် နောက်တစ်ခါဖြစ်သေးလား"

"များသောအားဖြင့် တစ်ခါပေါက်ပြီးရင် ဝက်သက်တို့၊ ရေကျောက်တို့လိုပဲ နောက်ထပ်မပေါက် တော့ပါဘူး။ တစ်ခါတလေတော့လည်း ရှားရှားပါးပါးဖြစ်တတ်တယ်။ အကောင်းဆုံးကတော့ ကလေးကို ရေများများတိုက်၊ အစာပျော့ပျော့ကျွေးရမယ်။ ပါးချိတ်ရောင်တာလေးပဲဆိုပြီးတော့ ခပ်ပေါ့ပေါ့မနေရဘူး။ ဆရာဝန်ကိုတော့ ပြသင့်တယ်။ အမေကိုတော့ ပြောထားရမှာပေါ့။ ပါးချိတ်ရောင်တာက ကလေးကိုအန္တရာယ် သိပ်မပေးပါဘူး။ နှစ်ပတ်လောက်ကြာရင် ပါးချိတ်ရောင်တာ သူ့ဘာသာသူ ပျောက်သွားတတ်တာပဲလို့ အားပေးပါ။

နွယ်နီအောင်သည် ခြံထဲတွင်ပြေး၍ ဘောလုံးကန်နေသော အောင်အောင်လေးကို လှမ်း၍ခေါ်ပါသည်။ ကျွန်မသည် ကလေး အနားသို့ ရောက်လာသောအခါ ပါးချိတ်ရောင်တာကို သေချာစမ်းသပ်ကြည့်လိုက်ပါသည်။

"သားလေး ပါးချိတ်ရောင်တာ နာနေသေးလား"ဟုမေးရာ ကလေးက ခေါင်းရမ်းပြပါသည်။ "ထမင်း စားလို့ရပြီလား"ဟု မေးသောအခါ "ဆန်ပြုတ်သောက်တယ်"ဟု ဖြေပါသည်။

နွယ်နီက "ကြီးကြီးမေ၊ သူ့မိဘတွေက ဆရာဝန်နဲ့ပြထားလို့ အခုကောင်းလာတာပါ၊ ဖျားလည်း မဖျားတော့ဘူး၊ အစာလည်း မျိုချလို့ရပြီလေ။ ဒါပေမယ့် သူတို့အိမ်မှာ ကလေးတွေတစ်ပုံကြီးရှိလို့ တစ်ယောက်ပြီးတစ်ယောက် ကူးဦးမှာပဲ"ဟု ပြောပါသည်။

"အေးလေ ဆရာဝန်ကိုတော့ ထပ်ပြဦးပေါ့၊ သက်တော့သက်သာနေပါပြီ၊ ပါးချိတ်ရောင်ရောဂါက Parotid gland ဆိုတဲ့ ပါးမှာရှိတဲ့ အကျိတ်ရောင်လို့ MUMPS လို့ ခေါ်တဲ့ ရောဂါဖြစ်တာပဲ"

နွယ်နီက "နွယ်နီတို့လည်း ငယ်ငယ်က ပါးချိတ်ရောင်ပြီးပါပြီ ကြီးကြီးမေရဲ့၊ အောင်အောင်ဆီက ပါးချိတ်ရောင်ရောဂါ မကူးနိုင်တော့ပါဘူး"ဟု ပြောနေ၍....

"တစ်ခါပေါက်ပြီးရင် နောက်တစ်ခါ ပေါက်ခဲပါတယ်သမီး"ဟုပြောလိုက်ရာ နွယ်နီက ပြုံးရယ်၍ နှုတ်ဆက်ပြီး ပြန်သွားပါသည်။ ။

ပါးချိတ်ရောင်တာကတော့ ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်။ ချောင်းဆိုးရင်၊ စကားပြောရင် တံတွေး စက် စဉ်တဲ့အခါ ဗိုင်းရပ်စ်ပိုးက တစ်ယောက်နဲ့ တစ်ယောက်ကူး။ အများအားဖြင့် ကလေးတွေ က ၅နှစ်ကနေ ၁၅နှစ်အတွင်း ပါးချိတ် ရောင်တာဖြစ်တတ်။

ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာ သင်တန်းဆင်းပွဲနှင့်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာသင်တန်းအပတ်စဉ်(၁) (စီဒီ-၃၅/စီအီး-၃၃) (Diploma in Nautical Studies နှင့် Diploma in Maritime Technology)ဆင်းပွဲနှင့် အပတ်စဉ်(၃) (စီဒီ-၃၇/စီအီး ၃၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရေကြောင်းပညာသိပ္ပံစစ်ရေးပြကွင်း၌ ကျင်းပသည်။

အလေးပြု

ရှေးဦးစွာ စစ်ရေးပြ တပ်ခွဲများက စစ်ရေးပြကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်အလံကို အလေးပြုကြပြီး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက သင်တန်းတွင် စံပြအရာရှိလောင်း (ရေကြောင်း)၊ စံပြအရာရှိလောင်း(အင်ဂျင်နီယာ)၊ စာပေထူးချွန်ဆု (ရေကြောင်း)၊ စာပေထူးချွန်ဆု(အင်ဂျင်နီယာ) အပါအဝင် ထူးချွန်ဆုရရှိကြသူများအား ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာသင်တန်း အပတ်စဉ်(၁) (စီဒီ-၃၅/စီအီး-၃၃)တွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ရေကြောင်းပညာသိပ္ပံ ပထမအကြိမ် ဘွဲ့ကြိုဒီပလိုမာ အပ်နှင်းသဘင်အခမ်းအနားကို ဘွဲ့ကြိုဒီပလိုမာ အပ်နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းအရာရှိလောင်းများအား ဘွဲ့ကြိုဒီပလိုမာများကို အပ်နှင်းပေးအပ်သည်။

တက်ရောက်

ယနေ့သင်တန်းဆင်းပွဲတွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာ သင်တန်းအပတ်စဉ်(၁) (စီဒီ-၃၅/စီအီး-၃၃) သင်တန်းမှ ဘွဲ့ကြို ဒီပလိုမာ လက်မှတ်ရ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ၁၄၅ဦးနှင့် ဘွဲ့ကြိုဒီပလိုမာ လက်မှတ်ရ ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း ၁၄၄ဦး စုစုပေါင်း ၂၈၉ဦးတို့ သင်တန်းဆင်းခဲ့ကြပြီး သင်တန်းအပတ်စဉ်(၃) (စီဒီ-၃၇/စီအီး-၃၅) သင်တန်းသို့ ကုန်သွယ်ရေကြောင်း အရာရှိလောင်း၁၃၁ဦးနှင့်ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာလောင်း ၁၄၈ဦး စုစုပေါင်း ၂၇၉ဦးတို့ တက်ရောက်ကြသည်။

ရေကြောင်းပညာသိပ္ပံက စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် ရေကြောင်း မျိုးဆက်သစ်များအဖြစ် ၂၀၀၉ ခုနှစ် ပညာသင်နှစ်အထိ ရေကြောင်းအရာရှိလောင်း ၁၈၂၉ဦးနှင့် အင်ဂျင်နီယာ အရာရှိလောင်း ၁၇၁၅ဦး စုစုပေါင်းအရာရှိလောင်း၃၅၄၄ဦးတို့ကို နိုင်ငံတကာအဆင့်မီ ရေကြောင်းပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပြီးကြောင်း သိရသည်။(သတင်းစဉ်)

သာကေတမြို့နယ် မီးသတ်စခန်းများ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် မီးသတ်စခန်းနှင့် စခန်းခွဲအဆောက်အအုံများ၊ မီးသတ်ယာဉ်/စက်များ ကွင်းခိုင်မှုနှင့် တပ်ဖွဲ့ဝင်များ၏ နေအိမ်လိုင်းခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မီးသတ်စခန်းနှင့် လိုင်းခန်းများကို ၅ယူနစ် နှစ်ထပ်မီးသတ်စခန်းသစ်နှင့် ခြောက်ခန်းတွဲ နေအိမ်လိုင်းခန်းအသစ် ပြန်လည်တည်ဆောက်နိုင်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးသတ်ယာဉ်/စက်များ အသင့်ဖြစ်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရေး၊ ပြည်သူများအား ပညာပေးစည်းရုံးဆောင်ရွက်ကြရေး၊ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ဇာတ်တိုက်လေ့ကျင့်ရေးနှင့် ဝန်ထမ်းအိမ်ရာများ လျှပ်စစ်မီး ခြိုးခြံချွေတာ သုံးစွဲရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ကျောက်ဖြူမြို့မှ ကူမင်းမြို့သို့ ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမည်၊ ကန်တော်ကြီးအတွင်း ကားကလေးတစ်စီး ရေသောက်ဆင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၀၂၀ပြည့်နှစ်တွင် ကျွန်းပေါင်း ၅၀၀၀ကျော် ပင်လယ်ရေအောက်သို့ရောက်နိုင်၊ ပန်းဆယ်မျိုး အနုပညာပြပွဲကို ယခုနှစ်တွင် မန္တလေးမြို့၌ ကျင်းပမည်၊ အထက်တန်းကျောင်းသားအချို့ မူကြိုကျောင်းသို့ လာရောက်၍ အခြေခံလက်ရေးလှသင်၊ ဆုငွေကျပ်သိန်း ၉၀ကျော်ချီးမြှင့်မည့် ပန်းပုပြိုင်ပွဲ ကျင်းပမည်၊ ဧပြီ၊ မေ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် မုန်တိုင်းအန္တရာယ်သတိပြုဖွယ်၊ ပါရမီတက္ကစီကြားစခန်းကို ယခင်အမျိုးသားစာကြည့်တိုက်ဝင်းအတွင်း၌ ထားရှိမည်၊ အင်္ဂလန်မှာ ကျောင်းသွားတက်မယ်ဆိုရင်၊ တရုတ်နိုင်ငံရှိ မြန်မာ့စီးပွားရေးနှင့် ကုန်သွယ်မှုအဆောက်အအုံ မကြာမီပြီးမည်၊ ယခုနှစ်အပူချိန်လျော့၍ မိုးများကာ မုန်တိုင်းဖြစ်ပေါ်မှုပိုလာနိုင်၊ အိမ်ဖြူတော်အနီး အင်္ဂါဂြိုဟ်ဆင်းယာဉ်ရောက်၊ ပါကစ္စတန်နိုင်ငံ လာဟိုမြို့ ရဲသင်တန်းကျောင်းပစ်ခတ်မှု၏ နောက်ဆက်တွဲ၊ မန်ဒဲလားက ပြင်သစ်သမ္မတကတော် ဘရူနီကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ သီချင်းဆိုရန်ဖိတ်ခေါ်၊ ရယ်မောရင်း ကတ်ကြေးတစ်လက်ကို မတော်တဆမျိုချမိ၊ ဩစတြေးလျ၌ ဖားပြုပ်သုတ်သင်ရေးနေ့သတ်မှတ်ကာ အမျိုးသားဖားပြုပ်ဖမ်းပွဲတော်ကျင်းပ၊ ဂျက်ကီချန်းက သူ၏ဒေါ်လာသန်း ၅၀ တန် ရှေးဟောင်းအိမ်ကြီးများ လှူဒါန်းမည်ဟုဆို၊ ဦးနှောက်ထဲသို့ ငါးထိုးသည့်မှိန်းက ခြောက်လက်မခန့်စိုက်ဝင်နေသော်လည်း အသက်မသေ၊ အမေရိကန်လေဆိပ်များတွင် အောက်ခံဘောင်းဘီအထိ မြင်ရသည့် စစ်ဆေးရေးကိရိယာများကို ဖြုတ်သန်းရမည်၊ စက္ကူတစ်ရွက်စာခန့်သာ ထူသည့် အလွန်ပါးလွှာသော စပီကာများတီထွင် အပါအဝင် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို စာမျက်နှာရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဖော်ပြထားပြီး အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အကောင်အထည်ဖော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာ ကျေးလက်နဲ့ မြို့ပြ ဆူကြုံနိမ့်မြင့် ကွာဟမှု မရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေတာ အားလုံးအသိပါ။

ဒီစီမံကိန်းရဲ့ အကျိုးရလဒ်အဖြစ် နိုင်ငံရဲ့ လူဦးရေအများစု နေထိုင်ရာ ကျေးလက်ဒေသအများအပြားလည်း တစ်ရှိန်ထိုး ဖွံ့ဖြိုးစည်ပင်လာတာကို ခရီးသွားဖူးတိုင်း တွေ့မြင်ကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းက ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် စက်ဘီးပြိုင်ပွဲအတွက် သတင်းရယူရေး တာဝန်ထမ်းဆောင်ရန် ကျိုက်ထိုမြို့ကို ရောက်ရှိခဲ့ပါတယ်။

လေ့လာခွင့်ရ

ယခင်ကတော့ ဖြတ်သွားဖြတ်လာသဘောမို့ စေ့စေ့ငုငု လေ့လာခွင့်မရခဲ့ဘူး။ ယခုအခေါက်မှပဲ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့ရဲ့ စီစဉ်ပေးမှုအရ မြို့စည်ပင်ဖွံ့ဖြိုးမှုကို အနီးကပ်လေ့လာခွင့် ရခဲ့ပါတယ်။

ကျိုက်ထိုမြို့ဟာ ရန်ကုန်-မော်လမြိုင် မီးရထားလမ်းနဲ့ ကားလမ်းပေါ်မှာတည်ရှိတဲ့ မွန်ပြည်နယ်ရဲ့တံခါးဝမြို့တစ်မြို့ ဖြစ်တဲ့အပြင် ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးနဲ့ အခြားတန်ခိုးကြီးဘုရားများ တည်ရှိရာ မြို့ဖြစ်တဲ့အတွက် အာဂန္တုခရီးသွား အများအပြားဝင်ထွက်ရာ မြို့တစ်မြို့ ဖြစ်ပါတယ်။

မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅အုပ်စုနဲ့ ကျေးရွာပေါင်း ၇၆ရွာနဲ့ ဖွဲ့စည်းထားပြီး စာရင်းဇယားများအရ တိုင်းရင်းသားပေါင်းစုံ အပါအဝင် လူဦးရေ နှစ်သိန်းကျော် စုစည်းနေထိုင်ကြပါတယ်။

မြို့အင်္ဂါရပ်

မွန်ပြည်နယ်ရဲ့ တံခါးဝမြို့ပီပီ မြို့အဝင်ဝကို မြေခင်းအလှတွေ၊ လမ်းလယ်ကျွန်းတွေ၊ Mobile Flower Box တွေနဲ့ အလှဆင်ထားပြီး ဆေးရောင်စုံ ခြယ်မှုန်းထားတဲ့ ပလက်ဖောင်းတွေ၊ ညီညာဖြောင့်ဖြူးတဲ့ မြို့ကွင်းလမ်းတွေနဲ့ မြို့အင်္ဂါရပ်နဲ့အညီ သန့်ရှင်းသာယာလှပတဲ့ မြို့တစ်မြို့အဖြစ် ပေါ်ထွက်လို့လာပါပြီ။

ကျိုက်ထိုမြို့နယ် ဇေယျာမွန်လမ်းဆုံ လမ်းလယ်ကျွန်းကို ရောင်စုံပန်းအလှပင်များဖြင့် လှပစွာတွေ့ရစဉ်။ (သတင်းစဉ်)

ဆောင်ရွက်

လမ်းပန်းဆက်သွယ်မှုအနေနဲ့ ကတ္တရာလမ်းမိုင် ၁၄မိုင်ကျော်၊ ဂဝံလမ်း ၁၈မိုင်၊ မြေသားလမ်း ၃၇မိုင်၊ ကျောက်ခင်းလမ်း နှစ်မိုင် အပါအဝင် လမ်းမိုင်၇၃မိုင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပညာရေးအပိုင်းမှာ မြို့နယ်အတွင်း အထက ငါး ကျောင်း၊ အထက(ခွဲ) တစ် ကျောင်း၊ အလက ခြောက် ကျောင်း၊ အလက(ခွဲ)တစ် ကျောင်း၊ မူလတန်းလွန် ၁၇ကျောင်းနဲ့ အမက ၁၀၃ကျောင်းရှိပြီး အထကကျောင်းများမှာ Multi Media Classrooms များဖြင့် ဖွင့်လှစ်သင်ကြားနိုင်ကြပါပြီ။

ကျန်းမာရေး

ကျန်းမာရေးအပိုင်းမှာ မြို့နယ် ဆေးရုံတစ်ရုံနဲ့ (၂၅)ခုတင်ဆံ့ တစ်ရုံ၊ တိုက်နယ်ဆေးရုံတစ်ရုံ၊ ပုဂ္ဂလိက ဆေးခန်း ၁၄ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွေ၊ တိုင်းရင်းပညာဆေးခန်း၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ အနာကြီးရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနတွေ ဖွင့်လှစ်ကုသပေးနိုင်ခဲ့ပါပြီ။ ဆက်သွယ်ရေးကဏ္ဍမှာတော့ စာတိုက်၊ ကြေးနန်းရုံးတွေ အပါအဝင် အော်တိုတယ်လီဖုန်း၊ CDMA တယ်လီဖုန်းများကို သုံးစွဲနိုင်ကြပါပြီ။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၊ ဒေသတစ်ခု၊ ဒေသခံလူမျိုးများအကြောင်းကို လေ့လာရေးသားရင် အဲဒီခေတ်၊ အဲဒီအခါက ဒေသခံလူမျိုးတွေ ဘယ်လိုနေလို့ ဘယ်လိုထိုင်ကြတယ်၊ ဘယ်လိုစားသောက်ကြတယ်၊ စားဝတ်နေရေး၊ စီးပွားရေးအတွက် ဘယ်လိုအသက်မွေးဝမ်းကျောင်းမှုပြုကြတယ်ဆိုတဲ့ အချက်တွေကလည်း အရေးပါလှပါတယ်။

တစ်အုပ်တစ်မ

ဒါကြောင့် ကျေးလက်ရဲ့ စီးပွားရေး အခြေအနေကို လေ့လာစေ့ငုကြည့်တဲ့ အခါမှာ စိုက်ပျိုးရေး အပိုင်းမှာ ၂၀၀၈-၂၀၀၉ခုနှစ် မိုးသီးနှံမျိုးစုံ စိုက်ပျိုးမှုအနေနဲ့ ၁၀၄၀၈၄ဧက စိုက်နိုင်ခဲ့ကြောင်း တွေ့ရပါတယ်။ အဓိက သီးနှံ(၁၀)မျိုးအနက် ချည်မျှင်ရှည်ဝါနဲ့ ပြောင်းမှအပ ဒေသနဲ့ ကိုက်ညီတဲ့ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနဲ့ ကြံတို့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရပါတယ်။ မွေးမြူရေးအပိုင်းမှာ ဥစားကြက်၊ အသားစားကြက်နဲ့ ဒေသကြက်များကို စီးပွားဖြစ်မွေးမြူကြပြီး ဒေသန္တရတိရစ္ဆာန်မွေးမြူမှုကို တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မအထိ မွေးမြူကြပါတယ်။

တည်ထောင်ဖွင့်လှစ်

စက်မှုလက်မှုပိုင်းဆိုင်ရာ ကဏ္ဍမှာတော့ မြို့နယ်အတွင်းမှာ နိုင်ငံပိုင်စက္ကူစက်၊ သစ်စက်၊ ကျောက်ပြားစက်ရုံ၊ ရထားစက်ခေါင်းပြင်စက်ရုံ၊ ခမိတ်ရော်ဘာ မှိုင်းခံစက်ရုံနဲ့ ဆီအုန်းစက်ရုံတို့အပြင် ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်း၁၁၇ခုအထိ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

လမ်းညွှန်ချက်

လက်ရှိ အနယ်အနယ်အရပ်ရပ်က မြို့ရွာများနဲ့ ကျေးလက်များရဲ့ ဖွံ့ဖြိုးတိုးတက်မှု သမိုင်းကို ရေးသားရင် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်ဖြစ်တဲ့ **“ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ကျေးလက်ဒေသကျန်းမာရေးမြင့်မားရေး၊ ကျေးလက်ဒေသ ပညာရည်မြင့်မားရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးနဲ့ ကျေးလက် စီးပွားရေး ဖွံ့ဖြိုးရေး”** ဆိုတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တဲ့ သမိုင်းဝင်လုပ်ငန်းစဉ်များကိုလည်း ထည့်သွင်းဖော်ပြမှသာပြည့်စုံနိုင်လိမ့်မယ်ဖြစ်ကြောင်း ဆိုပါရစေ။ ။ **(မြန်မာ့အလင်း)**

မွန်ပြည်နယ်ရဲ့ တံခါးဝမြို့ပီပီ မြို့အဝင်ဝကို မြေခင်းအလှတွေ၊ လမ်းလယ်ကျွန်းတွေ၊ Mobile Flower Box တွေနဲ့ အလှဆင်ထားပြီး ဆေးရောင်စုံ ခြယ်မှုန်းထားတဲ့ ပလက်ဖောင်းတွေ၊ ညီညာဖြောင့်ဖြူးတဲ့ မြို့ကွင်းလမ်းတွေနဲ့ မြို့အင်္ဂါရပ်နဲ့အညီ သန့်ရှင်းသာယာလှပတဲ့ မြို့တစ်မြို့အဖြစ် ပေါ်ထွက်လို့လာပါပြီ။

ကျိုက်ထိုမြို့နယ် ပန်းခြံအတွင်း ရောင်စုံပန်းအလှပင်များ စိုက်ပျိုးထားသည်ကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်း ပ ဒေ သာ အ တို အ ထွာ

ရန်ကုန် ဧပြီ ၆

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ကျင်းပမည်

နှစ်စဉ်မပျက် ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ကို ရန်ကုန်မြို့တော်ခန်းမရှေ့၌ ဆောက်လုပ်လျက်ရှိပြီး ကျင်းပနေကျ ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ယိမ်းအကပြိုင်ပွဲများကို အမျိုးအစားများခွဲခြားယှဉ်ပြိုင်စေပြီး ခေတ်ပေါ်ဂီတ အဖွဲ့ဖြင့် အဆိုတော်၊ သရုပ်ဆောင်များကလည်း ရန်ကုန်မြို့သူ မြို့သားများအတွက် နှစ်သစ်မှာ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် ဖျော်ဖြေမည်ဖြစ်သည်။

သင်္ကြန်ဂီတများနှင့်ဈေးဝယ်ထွက်ခြင်းကျင်းပမည်

ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာတွင် ဒဂုံသင်္ကြန်ဂီတများနှင့် ဈေးဝယ်ထွက်ခြင်း အစီအစဉ်ကို ဧပြီ ၈ရက်မှ ၁၂ရက်အထိ နံနက် ၁၀နာရီမှ ည ၉နာရီအထိ ပြည်သူများ စိတ်လက်အပန်းဖြေပျော်ရွှင်နိုင်ရန် ကျင်းပမည်ဖြစ်သည်။

ဗိသုကာစကားဝိုင်းကျင်းပမည်

မြန်မာနိုင်ငံ ဗိသုကာအသင်းမှ စီစဉ်ကျင်းပသော ဗိသုကာစကားဝိုင်း (၀၄/၀၉)ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ (လှိုင်တက္ကသိုလ်နယ်မြေဝင်း)မြေညီထပ် Seminar Room တွင် ဧပြီ ၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၉-၈၇-၆၃၅၀၀နှင့် ၀၉-၅၁-၁၆၉၈၂တို့သို့ ဆက်သွယ်နိုင်သည်။

မန္တလေး မြို့မတေးဂီတအဖွဲ့ဖျော်ဖြေမည်

ရန်ကုန်မြို့ ကရဝိက်ဥယျာဉ်ကမ္ဘာ မျှော်စင်ကျွန်းတွင် မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့် မန္တလေးမြို့မတေးဂီတအဖွဲ့၏ ဖျော်ဖြေပွဲကို ဧပြီ ၈ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ဖျော်ဖြေပွဲတွင် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်များ၏ ဖျော်ဖြေမှုနှင့်အတူ သရုပ်ဆောင်မော်ဒယ် အမျိုးသမီးများကလည်း သင်္ကြန်အကများဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။

ကွန်ပျူတာအသင်း ရေသဘင်ဆင်နွှဲမည်

မြန်မာနိုင်ငံကွန်ပျူတာအသင်းများမှ အသင်းသားများ ရင်းနှီးမှုပိုမိုရရှိစေရန်နှင့် နှစ်သစ်ကူးအတာသင်္ကြန်ပျော်ရွှင်စွာ ရေကစားနိုင်ရန် ရေကစားမဏ္ဍပ်ကို ကံဘဲ့လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့် (မြကျွန်းသာအနီး)တွင် ဆောက်လုပ်မည်ဖြစ်ပြီး လူငယ်ကြိုက် ခေတ်ပေါ်ဂီတအဖွဲ့နှင့် သင်္ကြန်ရက်အတွင်း ဖျော်ဖြေမည်ဖြစ်သည်။

သင်္ကြန်အခါကန်တော်ကြီးအနီး အင်ပါယာအဖွဲ့ဖျော်ဖြေမည်

ရန်ကုန်မြို့ ကန်တော်ကြီးအနီး ချက်ထရီယမ်ဟိုတယ်ရှေ့၌ ရန်ကုန် ပြည်သူများအတွက် သင်္ကြန်ကာလပျော်ရွှင်မှုရရှိစေရန် ရေကစားမဏ္ဍပ်တည်ဆောက်လျက်ရှိပြီး အဆိုပါ ရေကစားမဏ္ဍပ်တွင် သင်္ကြန်ကာလဖျော်ဖြေမှုအဖြစ် အင်ပါယာတေးဂီတအဖွဲ့နှင့်အတူ အဆိုတော်များ နှစ်သစ်သင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

စာနယ်ဇင်းသင်တန်းသားများလေ့လာရေးခရီး

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ၁/၂၀၀၉ စာနယ်ဇင်းသင်တန်းသားများသည် ပြင်ပလေ့လာရေးခရီးအဖြစ် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ပုဂ္ဂလိကဂျာနယ်တိုက်ဖြစ်သော ပေါ်ပြူလာ၊ အလင်းတန်းနှင့် လာဘ်မိုးဆွေစာပေတိုက်တို့သို့ သွားရောက်ခဲ့ပြီး သိလိုသည်များ မေးမြန်းခဲ့ကြသည်။ ဆက်လက်၍ City FM ထုတ်လွှင့်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမသို့ သွားရောက်လေ့လာကြသည်။

ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုရှင်ဂုဏ်ပြုပွဲ

ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုရ မော်ဝန်းကြည်မြတ်၏ ဆရာ သမားများပူဇော်ပွဲနှင့် ဂုဏ်ပြုပွဲကို ဧပြီ၆ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့တော်ခန်းမ အနီး စီးတီးစတားဟိုတယ်၌ ကျင်းပသည်။ အခမ်းအနားတွင် ဂီတစာဆို ဗိုလ်ကလေးတင့်အောင်နှင့် အဆိုတော်ဦးထွန်းရွှေတို့က အမှာစကားပြောကြားပြီး တက်ရောက်လာသူအနုပညာရှင်များက ဂုဏ်ပြုစကားပြောကြားသည်။ ၂၀၀၈ခုနှစ် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆုကို စာရေးသူ မော်ဝန်းကြည်မြတ်က ဂီတကြငှန်းပျော်များ စာအုပ်ဖြင့် ရရှိခဲ့သည်။

ရခိုင်သင်္ကြန် သိမ်ဖြူကွင်း၌ ကျင်းပမည်

ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကို ဆဋ္ဌမအကြိမ်မြောက်အဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကားမောင်းသင်တန်းကွင်း၌ ဧပြီ ၁၂ရက်မှ ၁၆ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြို့နယ်အသင်းများ၊ လူမှုရေးအသင်းများမှ မဏ္ဍပ်ပေါင်းများစွာဖြင့် ရခိုင်ရိုးရာလှေလောင်းနှင့် ရေလောင်းသဘင်ပွဲ ဆင်နွှဲမည်ဖြစ်ရာ အသေးစိတ်သိလိုက ဖုန်း-၀၉-၉၉-၂၄၃၆၃ သို့ ဆက်သွယ်နိုင်သည်။

သတင်းအချက်အလက်နှင့်နည်းပညာပြပွဲ(၂၀၀၉)

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကကြီးမှူးပြီး မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့က ပူးပေါင်းကျင်းပမည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉)ကို မေ ၁ရက်မှ ၃ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကွန်ပျူတာ ပစ္စည်းများ၊ ဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ်အီလက်ထရွန်နစ် ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ အသုံးချဆော့ဖ်ဝဲများပြသမည်ဖြစ်ရာ လုပ်ငန်းရှင်ကုမ္ပဏီများ၊ အရောင်းဆိုင်များနှင့် စာအုပ်ဆိုင်များပြသနိုင်ပြီး အသေးစိတ်သိလိုက အဆောင် ၄ အခန်း ၄ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၂၂၇၆သို့ ဧပြီ ၁၀ရက် နောက်ဆုံးထားစာရင်းပေးပို့နိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အလေးမ ဒိုင်လူကြီးသင်တန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၆

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၉ခုနှစ် အလေးမဒိုင်လူကြီး သင်တန်းကို မေ ၁၁ရက်မှ ၁၅ရက် အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အလေးမ လေ့ကျင့်ရေးခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်ရာ ရန်ကုန်တိုင်းအတွင်း ရှိ အလေးမဒိုင်လူကြီးအဖြစ် တာဝန် ထမ်းဆောင်ရန် ဆန္ဒရှိသူ အသက်(၄၅) နှစ်နှင့်အောက်များသည် ဧပြီ ၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်း သို့ အမည်စာရင်းပေးသွင်း၍ သင်တန်း ဝင် လမ်းညွှန်ချက်များ တောင်းယူနိုင်ပြီး သင်တန်းနှင့်စပ်လျဉ်း၍ သိလိုပါက ဖုန်း-၃၈၈၁၆၀သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးညဏ်ထွန်းအောင် ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အလှူငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်သည် မတ် ၃၀ ရက်တွင် နွားထိုးကြီးမြို့နယ် မင်းရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ပေးအပ်

ထို့နောက် ကြောင်နံကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဇော်၊ မင်းရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ် ဆရာကြီး ဦးတင်မြင့်၊ ရွာမိရွာဖများဖြစ်ကြသည့် ဦးမြင့်ဦး၊ ဦးကျော်မြင့်နှင့် ကျောင်းဆောင်သစ် အလှူရှင် ဦးခင်မောင်ကျော်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မင်းရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေးခန်းတွဲ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မင်းရွာ၌ ကျင်းပသည့် ပတ်ဝန်းကျင်ကျေးရွာငါးရွာမှ အဘိုး၊ အဘွား ၁၀၀ တို့အား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကံရွာသို့ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရွာကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ရွာမိရွာဖများ ဖြစ်ကြသည့် ဦးမောင်ကိုလေး၊ ဦးဟန်သောင်းနှင့် ဒေါ်စန်းရီတို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၄ ရက်တွင် ကန္နားကျေးရွာသို့ ရောက်ရှိပြီး တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

လှူဒါန်း

ထို့နောက် ကန္နားကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းနိုင်၊ တာဝန်ခံ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သိန်း၊ ရွာမိရွာဖများ ဖြစ်ကြသည့် ဦးတင်ဝင်းနှင့် ဦးမြင့်ဝေ၊ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးအုန်းမောင်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ကန္နားတွဲဖက် အခြေခံပညာ အထက်တန်းကျောင်း ခြောက်ခန်းတွဲ နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကန္နားကျေးရွာ၌ ကျင်းပသည့် ပတ်ဝန်းကျင် ကျေးရွာခုနစ်ရွာမှ အဘိုး၊ အဘွား ၁၀၀တို့အား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်သည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြင်စည်ကျေးရွာသို့ ရောက်ရှိ၍ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြင်စည်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းကျော်နှင့် ရွာမိရွာဖများဖြစ်ကြသည့် ဦးကျော်ရွှေနှင့် ဦးတိုးလှိုင်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တက်ရောက်

ထို့နောက် ဒုတိယဝန်ကြီးသည် ပြင်စည်ကျေးရွာ၌ ကျင်းပသည့် ပတ်ဝန်းကျင်ကျေးရွာ ငါးရွာမှ အဘိုး၊ အဘွား ၁၀၀ တို့အား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၄-၂၀၀၉ ရက်(အင်္ဂါနေ့)

AM & PM

- ၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅-၁း၀၅ **မြို့စွဲ၊ အိမ်စွဲ၊ လူစွဲဒိဋ္ဌိဖြုတ် ဥပမာပြ ခန္ဓာညဏ်ရောက် သစ္စာလေးပါး** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၇း၅၅-၁း၅၅ ရှေးဟောင်းအမွေ ဆည်ကန်ရေ၊ စိမ်းစိုလမ်းဖြာ မြကန်သာ
- ၈း၀၀-၂း၀၀ ခါသကြိန်အဆိုအက
- ၈း၀၅-၂း၀၅ Sunday Talk
- ၉း၀၅-၃း၀၅ Activities in the City (သီလဝိသောဓနီ နှစ်ထပ်သိမ်တော်ကြီးရေစက်ချပွဲ)
- ၉း၁၅-၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၂၅-၃း၂၅ တောင်ငူခေတ်ရဲ့ ပုံရိပ်ပန်းချီတော်ဝင်ကေတုမတီ
- ၉း၅၀-၃း၅၀ ခါသကြိန်အဆိုအက
- ၉း၅၅-၃း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၀-၄း၀၀ သမိုင်းဝင်ဆံတော်ရှင် ဓာတ်ကေသာစေတီတော်မြတ်ကြီး ရွှေထီးတော်သစ် အထွတ်တင်လှူပူဇော်ပွဲ
- ၁၀း၁၅-၄း၁၅ ခါသကြိန်အဆိုအက
- ၁၀း၂၀-၄း၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၀း၂၅-၄း၂၅ **ဆီးချိုသွေးချိုကာကွယ်ပါ** အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
- ၁၀း၅၅-၄း၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၀၅-၅း၀၅ ခါသကြိန်အဆိုအက
- ၁၁း၁၀-၅း၁၀ Shopping Guide (လှည်းတန်း စိန်ဂေဟာ စူပါစင်တာ)
- ၁၁း၃၀-၅း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၃၅-၅း၃၅ မြစ်ဧရာကိုဖြတ်ကျော်လို့ အလင်းစွမ်းအားပေးကြစို့
- ၁၁း၅၅-၅း၅၅ ခါသကြိန်အဆိုအက
- ၁၂း၀၅-၆း၀၅ အာဟာရနှင့်ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်ဇင်)
- ၁၂း၃၅-၆း၃၅ Music Gallery (2009- ရွှေကောင်းကင်သင်္ကြန်)
- ၁၂း၅၅-၆း၅၅ မန်းချောင်းတံတား
- ၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အလှူရှင်စက်ရေတွင်း ပွင့်ဖြူတွင်ဖွင့်

ပွင့်ဖြူ ဧပြီ ၆

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကျောင်းကုန်းကြီးကျေးရွာ အလှူရှင် စက်ရေတွင်း ဖွင့်ပွဲ အခမ်းအနားကို မတ်၂၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးစန်းလွင်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်စည်ပင်)**

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Man Utd - Porto	ESPN (Live)
၁း၀၀	Villarreal - Arsenal	STAR SPORTS (Live)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေး အာမခံချက်မရှိပါကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီ/နိုင်ငံ
၁။	Furazolidone Tablet (Furazolidone 100mg)	Patanakarn Bhaesaj Ltd. Thailand
၂။	Dexazone Tablet (Dexamethasone 0.5 mg)	Lachmann Co.,Ltd. Thailand
၃။	Boxing Liniment (Methyl Salicylate 31% v/v, Menthol 1%w/v)	Devakam Apothecary Hall Co.,Ltd. Thailand
၄။	Voltanase Tablet (Serratiopeptidase 10mg, Diclofenac potassium 50mg)	MDC P' cals (P) Ltd.
၅။	Kremil-S Tablet (Aluminium hydroxide 188.8mg, Magnesium Carbonate 136.2 mg), Activated Dimethylpolysiloxane 10 mg, Dicyclomine HCL 2.5 mg)	Unilab P' cals Co.,Ltd. Thailand

အများပြည်သူတို့အနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်း ဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ(၁၈)အရ တရားစွဲဆို အရေးယူမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြင်းထန်စူးရှသော အလင်းတန်းများ အမြင်အာရုံကိုထိခိုက်ပျက်စီးနိုင်ဟုဆို

ငယ်ရွယ်စဉ်ကပင် အပူရှိန်ပြင်းထန်သော နေရောင်အောက်သွားလာလှုပ်ရှားခဲ့သူများသည် အရွယ်ရောက်လာသည့်အခါ မျက်စိမှုန်ခြင်းဝေဒနာ ခံစားရနိုင်ကြောင်း ပြင်သစ်သုတေသနပညာရှင်များက သတိပေးလိုက်သည်။

ထိခိုက်စေ

နေရောင်တွင်ပါဝင်သော ခရမ်းလွန်ရောင်ခြည်နှင့် စူးရှသောအလင်းတန်းများသည် မျက်စိအမြင်အာရုံကို ဆိုးရွားစွာ ထိခိုက်စေသည့်အပြင် မျက်စိအတွင်းပိုင်းရှိဆဲလ်များနှင့် တစ်သျှူးများကို ပျက်စီးစေနိုင်ကြောင်း သိရသည်။

ဝေဒနာခံစားရ

အမြင်အာရုံချို့ယွင်းသူ ၂၀၀၀အား သုံးနှစ်ကြာသုတေသနပြုခဲ့ရာ ၄၀ရာခိုင်နှုန်းခန့်သည် ပြင်းထန်စူးရှသော နေရောင်နှင့် အလင်းတန်းများကြောင့် မျက်စိအမြင်မှုန်ခြင်း ဝေဒနာခံစားရသည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

သွားလာသင့်

ထို့ကြောင့် အမြင်အာရုံထိခိုက်မှု မဖြစ်ပွားစေရန် ငယ်ရွယ်စဉ်ကပင် ပြင်းထန်သော အပူရှိန်နှင့် အလင်းရောင်များ မထိတွေ့ မခံစားနိုင်ရန် ဦးထုပ်၊ ထီးနှင့် အမိုးအကာများဖြင့်သာ သွားလာသင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

အင်တာနက်ကျန်းမာရေး

အိမ်တွင်းမှုကိစ္စများကိုဆောင်ရွက်ပေးမည့် အက်ပရီအက်တင်ဒါ သန့်ရှင်းရေးစက်ရုပ်

နေအိမ်အတွင်း အိမ်မှုကိစ္စများကို အိမ်ရှင်မတစ်ဦးကဲ့သို့ ဆောင်ရွက်ပေးနိုင်သော အက်ပရီအက်တင်ဒါစက်ရုပ်ကို ဂျပန်သုတေသနပညာရှင်များက တီထွင် ထုတ်လုပ်လိုက်ပြီဖြစ်သည်။

ထူးခြားမှု

ဂျပန်နိုင်ငံ တိုကျိုဘာကုမ္ပဏီမှ ထုတ်လုပ်သော အိမ်ရှင်မစက်ရုပ်သည် အိမ်တွင်းသန့်ရှင်းရေး၊ သိမ်းဆည်းရေးနှင့် အဝတ်လျှော်စက်ဖြင့် အဝတ်များလျှော်ဖွတ်ခြင်းများကို အမှားအယွင်းနည်းစွာ လုပ်ဆောင်နိုင်ကြောင်း သိရသည်။ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို နေရာတကျသိမ်းဆည်းခြင်း၊ အိမ်တွင်းသန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းနှင့် အခြားထူးခြားမှုများဖြစ်သည့် နေအိမ်အတွင်း တယ်လီဖုန်းလာလျှင် အိမ်ရှင်နှင့် ဆက်သွယ်ပေးနိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်သည်။

စီစဉ်ပေး

ထို့အပြင် နေအိမ်အတွင်း မီးဘေးအန္တရာယ်ကြုံတွေ့ရပါက ချက်ချင်းသတင်းပို့နိုင်အောင် စီစဉ်ပေးထားသည်။ အက်တင်ဒါစက်ရုပ်သည် အထပ်မြင့်များကို မတက်နိုင်ဘဲ ပြင်ညီအနေအထားအတိုင်းသာ သွားလာနိုင်ကြောင်း သိရသည်။

(အင်တာနက်)

နည်းပညာသိပ္ပံ

ဘဝအမောပြေ

စောင့်မျှော်ပုံ....

တစ်နေ့၌ မိတ်ဆွေတစ်ဦးက အိမ်ထောင်သည် မိတ်ဆွေအမျိုးသားအား သတိပေးပြောကြားလေသည်။

မိတ်ဆွေ ။ ။ သတိပေးထားရဦးမယ်။
အိမ်ထောင်သည် ။ ။ ပြောပါကွာ။
မိတ်ဆွေ ။ ။ ခင်ဗျားရဲ့ ဇနီးကို ဟိုဟိုဒီဒီ မသွားရအောင် ထိန်းစမ်းပါဦးကွာ။
အိမ်ထောင်သည် ။ ။ ဘာဖြစ်လို့လဲ။
မိတ်ဆွေ ။ ။ ဩော် ... တော်ကြာ မဖြစ်သင့်တာတွေ ဖြစ်လာပါဦးမယ်။
အိမ်ထောင်သည် ။ ။ မပြောချင်ပါဘူးဗျာ။
မိတ်ဆွေ ။ ။ ဘာဖြစ်လို့လဲ ... တော်ကြာ နောက်အိမ်ထောင်ကျသွားဦးမယ်။
အိမ်ထောင်သည် ။ ။ အဲဒီနေ့ကိုပဲ စောင့်နေတာကွ။
မိတ်ဆွေ ။ ။ 'ဘာ'

ဘဝဒဿန

■ ***By desiring little,a poor man make himself rich.***

❐ *အလိုဆန္ဒနည်းသော သူဆင်းရဲအတွက် ချမ်းသာသုခရစေသည်။*

ဒီမိုခရီးတပ်စ်

(ဂရိလူမျိုး အတွေးအခေါ်ပညာရှင်)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘော်လ်ကန်ဒေသမှ ခရိုအေးရှားသမ္မတနိုင်ငံ ...

သတင်းအက်ဆေး

ခရိုအေးရှားသမ္မတနိုင်ငံသည် အရှေ့တောင်ဥရောပ ဘော်လ်ကန်ကျွန်းဆွယ်ဒေသတွင် တည်ရှိသည်။ ဤနိုင်ငံမှာ ခါးသီးသော စစ်ပွဲနှင့် သမ္မတဖရန်ဂျိုတပ်မင် လက်ထက် အာဏာရှင်ဆန်ဆန် ဆယ်နှစ်ကြာ အုပ်ချုပ်ပြီးနောက် ပြန်လည်ထူထောင်စဉ် ၂၁ရာစုသို့ ဝင်ရောက်လာခဲ့သည်။ ၂၀၀၃ခုနှစ် အစောပိုင်းတွင် ဥရောပသမဂ္ဂ(အီးယူ) ဝင်ရောက်နိုင်သည်အထိ တိုးတက်လာခဲ့သည်။ ၂၀၀၉ခုနှစ် ဧပြီ ၁ရက်တွင် ဤနိုင်ငံသည် အယ်ဘေးနီးယားနိုင်ငံနှင့်အတူ နေတိုးအဖွဲ့ဝင် နိုင်ငံဖြစ်လာသည်။

ကျူးကျော်ခံရ

၁၉၁၈ခုနှစ်တွင် ဆာ့ဘ်၊ ခရိုအက်နှင့် စလိုဗင်းဘုရင့်နိုင်ငံနှင့် ပူးပေါင်းသည့် ၁၉၂၉ခုနှစ်တွင် ထိုဘုရင့်နိုင်ငံမှာ ယူဂိုဆလားဗီးယားနိုင်ငံဖြစ်လာသည်။ ၁၉၄၁ခုနှစ်တွင် နာဇီဂျာမနီ၏ ကျူးကျော်မှုခံရသည်။ ဖက်ဆစ်ရုပ်သေး အစိုးရတစ်ရပ်ကို တင်မြှောက်သည်။ ရုပ်သေးအစိုးရက ဆာ့ဘ်နှင့်ဂျူးလူမျိုးတို့ကို ရက်စက်စွာပြုမူဆက်ဆံသည်။ ထောင် ပေါင်းများစွာ အသက်ဆုံးရှုံးရသည်။ မာရှယ်တီးတိုး ဦးဆောင်သည့် တော်လှန်ရေးအင်အားစုတို့၏ ခုခံမှုကြောင့် လွတ်မြောက်လာရပြီး ၁၉၄၅ခုနှစ်တွင် ခရိုအေးရှားသည် ယူဂိုဆလပ်ဆိုရှယ်လစ် ပြည်ထောင်စုဝင် သမ္မတနိုင်ငံ ခြောက်နိုင်ငံတွင် တစ်ခုအဖြစ် ပါဝင်သည်။ ၁၉၈၉ခုနှစ်တွင် အရှေ့ဥရောပ၌ ကွန်မြူနစ်စနစ် ပြိုကွဲပျက်စီးသွားခြင်းကြောင့် အမျိုးသားရေး လက္ခဏာများနှင့်အတူ ပါတီများ အလျှိုလျှိုပေါ်လာသည်။

ကြေညာ

၁၉၉၀ပြည့်နှစ်တွင် နှစ်ပေါင်း ၅၀ကျော်အတွင်း ဤနိုင်ငံ၌ ပထမဆုံး လွတ်လပ်သည့် ရွေးကောက်ပွဲကျင်းပသည်။ ကွန်မြူနစ်များ အရေးနိမ့်သွားသည်။ ဖရန်ဂျိုတပ်မင် ဦးဆောင်သည့် ခရိုအေးရှားဒီမိုကရက်တစ်သမဂ္ဂ (အိတ်ချ်ဒီဇက်)ပါတီ အနိုင်ရသည်။ ၁၉၉၁ခုနှစ်တွင် လွတ်လပ်ရေးကြေညာသည်။ ခရိုအက်ဆာ့ဘ်များက ယူဂိုဆလပ်တပ်မတော်၏အကူအညီဖြင့် နိုင်ငံအရှေ့ပိုင်းမှ ခရိုအက်တို့ကိုနှင်ထုတ်သည်။ နှစ်ကုန်တွင် ခရိုအက်နယ်မြေသုံးပုံတစ်ပုံနီးပါး ဆာ့ဘ်တို့ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိသွားသည်။

ထောက်ခံ

၁၉၉၂ခုနှစ်တွင် ကုလသမဂ္ဂက ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် ၁၄၀၀၀ စေလွှတ်ကာ ခရိုအက်များနှင့် ဆာ့ဘ်များကို ခွဲခြားထားလျက် အစောင့်ရှောက်ခံဒေသလေးခု သတ်မှတ်ထားသည်။ ဘော့စနီးယားဟာဇီဂိုဗီးနားစစ်ပွဲ(၁၉၉၂-၉၅)တွင် ခရိုအေးရှားပါဝင်လာပြီး ဘော့စနီးယားဆာ့ဘ်များအား ဘော့စနီးယား ခရိုအက်များက တိုက်ခိုက်မှုကို ထောက်ခံသည်။ ထို့နောက် ဘော့စနစ်များ(မွတ်စလင်များ)တိုက်ခိုက်မှုကိုလည်း ခရိုအေးရှားက အားပေးသည်။ ဖရန်ဂျိုတပ်မင်အား ခရိုအေးရှားသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။

ပြန်လည်ရယူ

၁၉၉၅ ခုနှစ်တွင် ခရိုအက်တပ်များက ကုလသမဂ္ဂ၏ ဒေသလေးခုအနက် သုံးခုကို ပြန်လည်ရယူလိုက်သည်။ ခရိုအေးရှားဆာ့ဘ်များသည် ဘော့စနီးယားနှင့် ဆားဘီးယားသို့ ထွက်ပြေးကြသည်။ ဘော့စနီးယား ဟာဇီဂိုဗီးနားစစ်ပွဲ အဆုံးသတ်စေသည့် ဒေတန် ငြိမ်းချမ်းရေးစာချုပ်ကို သမ္မတတပ်မင် လက်မှတ်ရေးထိုးသည်။ ၁၉၉၆ခုနှစ်တွင် ခရိုအေးရှားက ဥရောပကောင်စီသို့ ဝင်သည်။ ၁၉၉၇ခုနှစ်တွင် တပ်မင် သမ္မတအဖြစ် ပြန်လည်အရွေးခံရသည်။ ၁၉၉၉ခုနှစ်တွင် သမ္မတတပ်မင် ကွယ်လွန်သည်။

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ပါလီမန် ရွေးကောက်ပွဲတွင် တပ်မင်၏ အိတ်ချ်ဒီဇက်ပါတီအရေးနိမ့်သည်။ ဆိုရှယ်ဒီမိုကရက်နှင့် ဆိုရှယ်လစ်ဘရယ်များ အနိုင်ရသည်။ အိုင်ဗီကာရာကန် ဝန်ကြီးချုပ်သစ် ဖြစ်လာသည်။ ထိုနှစ်ဖေဖော်ဝါရီလတွင် ခရိုအေးရှားပြည်သူ့ပါတီမှ မစ္စတာ မဲဆစ်သမ္မတ ရွေးကောက်ပွဲအနိုင်ရသည်။ ဥရောပသမဂ္ဂနှင့် နေတိုးသို့ဝင်လိုကြောင်း ကြေညာသည်။

တရားစွဲ

၂၀၀၁ ခုနှစ် စက်တင်ဘာလတွင် ၁၉၉၀ ပြည့်လွန်နှစ်များက ခရိုအေးရှား စစ်ပွဲအတွင်း စစ်ရာဇဝတ်မှုနှင့် လူသားအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများဖြင့် ယူဂိုဆလပ်သမ္မတဟောင်း ဆလိုဘိုဒန်မီလိုစီဗစ်အား သည်ဟိတ်ခုံရုံးက တရားစွဲဆိုခဲ့သည်။

တိုက်တွန်း

၂၀၀၂ ခုနှစ် ဇူလိုင်လတွင် ညွန့်ပေါင်း အစိုးရအဖွဲ့တွင်း ပဋိပက္ခကြောင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု ပျက်ပြားသွားသည့်အတွက် ဝန်ကြီးချုပ်ရာကန် ရာထူးမှထွက်သည်။ အစိုးရသစ်ဖွဲ့ရန် သမ္မတမဲဆစ်က ၎င်းအားတိုက်တွန်းသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် အိတ်ချ်ဒီဇက်ပါတီမှ အိုင်ဗိုဆာနာဒါ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် သမ္မတ မဲဆစ်ဒုတိယအကြိမ် ထပ်မံရွေးချယ်ခံရသည်။

အသိအမှတ်ပြု

၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ဝန်ကြီးချုပ် ဆာနာဒါ၏ အိတ်ချ်ဒီဇက်ပါတီ ဦးဆောင်သည်။ ညွန့်ပေါင်းအစိုးရကို ပါလီမန်က အသိအမှတ်ပြုသည်။ ဒုတိယဝန်ကြီးချုပ်အဖြစ် ဆလိုဘိုဒန်အူဇီလက် ပါဝင်ခြင်းဖြင့် အစိုးရအဖွဲ့တွင် အဓိကနေရာကို ဆာ့ဘ်တို့ ပထမဆုံး ရရှိသည်။

ဖိတ်ကြား

၂၀၀၈ ခုနှစ် ဧပြီလတွင် ဘူခါရက်၌ ကျင်းပသည့်နေတိုးထိပ်သီးအစည်းအဝေးက ခရိုအေးရှားနိုင်ငံအား ဖိတ်ကြားသည်။ ၂၀၀၉ ခုနှစ် ဧပြီ၁ရက်တွင် ဤနိုင်ငံ နေတိုးအဖွဲ့ဝင် ဖြစ်လာသည်။ ။

ကိုးကား-အင်တာနက် **တိုး ရေးသားသည်။**

ခရိုအေးရှားသမ္မတနိုင်ငံသည် အရှေ့တောင်ဥရောပ ဘော်လ်ကန်ကျွန်းဆွယ်ဒေသတွင် တည်ရှိ၊ ဤနိုင်ငံမှာ ခါးသီးသော စစ်ပွဲနှင့် သမ္မတဖရန်ဂျိုတပ်မင်လက်ထက် အာဏာရှင်ဆန်ဆန် ဆယ်နှစ်ကြာ အုပ်ချုပ်ပြီးနောက် ပြန်လည်ထူထောင်စဉ် ၂၁ရာစုသို့ ဝင်ရောက်လာခဲ့၊ ၂၀၀၃ခုနှစ် အစောပိုင်းတွင် ဥရောပသမဂ္ဂ(အီးယူ) ဝင်ရောက်နိုင်သည်အထိ တိုးတက်လာခဲ့။

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု
မော်လမြိုင်မြို့နယ် သံကပိုင်ကျေးရွာ၌ စာကြည့်တိုက်ဖွင့်

မော်လမြိုင် ဧပြီ ၁

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် ကော့နတ်ကျေးရွာအုပ်စု သံကပိုင်ကျေးရွာတွင် ဖြူစင်မေတ္တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကိုမတ် ၂၅ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် စာကြည့်တိုက် အဆောက်အအုံသစ်ကို ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်၊ အလှူရှင် ဦးလှထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးသန်းမောင်လွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ စာကြည့်တိုက်အတွက် ဦးလှထွန်း မိသားစုက အလျား ၃၆ပေ၊ အနံ ၄၄ပေရှိ မြေကွက်တစ်ကွက်၊ အလျား ၁၇ပေ၊ အနံ ၂၄ပေခွဲရှိ စာကြည့်တိုက် အဆောက်အအုံ တန်ဖိုးငွေကျပ် သိန်း၄၀နှင့် ပရိဘောဂ၊ ရုပ်မြင်သံကြားပြစက် တစ်လုံးနှင့် စာအုပ်စာစောင်အုပ် ၃၀၀တို့ကို မတည်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးသော နောင်ယိမ်းလမ်း(မြို့ပြ) ကတ္တရာလမ်းသစ်ကို မတ် ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းဆာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်နှင့်ချည်ပေါင်လျှော် သတ်မှတ်ကေပြည့်မီရေး
တာဝန်ပေးအပ်ပွဲ မအူပင်မြို့နယ်၌ကျင်းပ

မအူပင် ဧပြီ ၂

၂၀၀၉-၂၀၁၀ခုနှစ် မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော်များစိုက်ပျိုးထုတ်လုပ်ရန် ဝယ်ယူရေးစခန်းခြောက်ခုအတွင်းရှိ ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌများအား လျာထားသတ်မှတ်ဧက မိုးကြိုဂုန်လျှော် ၁၁၀၀၀၊ မိုးကြိုချည်ပေါင်လျှော်ဧက၇၅၀ ပြည့်မီကျော်လွန်အောင်စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲကို မတ်၁၆ရက် နံနက် ၁၀နာရီက မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရည်မွန်က ဂုန်လျှော်နှင့်ချည်ပေါင်လျှော်များကို အရည်အသွေး ကောင်းမွန်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မအူပင်ခရိုင် ဇုန်မန်နေဂျာ ဦးအောင်မျိုးမြင့်က ဂုန်လျှော်ချည်ပေါင်လျှော်၊ လျှော်ခြောက်နှင့်အစိမ်းခွာခြောက်များအား ဈေးနှုန်းတိုးမြှင့်ဝယ်ယူရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးရည်မွန်နှင့် မအူပင်မြို့နယ် မန်နေဂျာ ဦးစောမန်းထော်တို့က ဝယ်ယူရေးစခန်း ရွှေတောင်မှော်၊ ပါးဖယ်အို၊ ပေကုန်း၊ ရွှေလှေသောင်၊ အောက်ထုံးနှင့် ရေလဲကလေး စခန်းခြောက်ခု၊ ကျေးရွာအုပ်စု ၂၉အုပ်စုမှ ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများကို ပေးအပ်ကြသည်။ **(အပေါ်ယာပုံ)**

(၄၂၁)

ရေဦးမြို့နယ် တမာတောမြေသားလမ်း
စက်ယန္တရားများဖြင့် မြေဖို့၊ မြေညှိဆောင်ရွက်

ရေဦး မတ် ၃၁

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရေဦးတမာတောလမ်း အဆင့်မြင့်ဖောက်လုပ်နေမှုကို ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချို၊ ရေဦးမြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်း၊ မြို့နယ်အဖွဲ့ဝင်(၁)ဒုတိယရဲမှူးဝင်းမြင့်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမောင်ဆွေနှင့် ရေဦး-တမာတောလမ်း လုပ်ငန်းကော်မတီနာယက ဦးကျော်မောင်တို့သည် မတ် ၇ရက်က ရေဦးမြို့မှ တမာတောလမ်းတစ်လျှောက်တွင် စက်ယန္တရားများဖြင့် မြေဖို့၊ မြေညှိခြင်းလုပ်ငန်းနှင့် လမ်းဖြတ်ကူးတံတားများတည်ဆောက်နေမှုလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ရေဦး၊ တမာတောလမ်းအဆင့်မြင့် မြေသားလမ်းမှာ လမ်းအရှည် ၁၄မိုင် ၁ဖာလုံ ကွာဝေးပြီး ရေဦးမြို့သို့ကျေးရွာအုပ်စု ၁၈ အုပ်စုနှင့် ကျေးရွာငယ် ၅၈ရွာမှ ပြည်သူများအနေဖြင့် အလွယ်တကူသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၀၃၄)**

မြို့နယ်
သတင်းများ

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ရက်က ကျင်းပရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် ရွှေဘို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းချိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ယဉ်ကျေးမှု၊ အားကစားနှင့် ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ
ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာ၌ ကျင်းပ

ဂန့်ဂေါ ဧပြီ ၄

ဂန့်ဂေါမြို့နယ် ယဉ်ကျေးမှု၊ အားကစားနှင့်အခြေခံရှေးဦးပြုစုခြင်းသင်တန်း(၁/၂၀၀၉) ဆင်းပွဲကို ဧပြီ ၁ရက် နံနက် ၈နာရီက ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းလက်မှတ်

သင်တန်းဆင်းပွဲတွင် ယဉ်ကျေးမှု သာဘာရပ်တွင်ဆုရရှိသူများ၊ အားကစား ဘာသာရပ်တွင် ဆုရရှိသူများ၊ အခြေခံ ရှေးဦးပြုစုခြင်းဘာသာရပ်တွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြတ်က သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ နည်းပြများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

အဆိုပါ သင်တန်းများ၌ အခြေခံ ရှေးဦးပြုစုခြင်းသင်တန်းသို့ ၆၃ဦး၊ ယဉ်ကျေးမှု သင်တန်းသို့ ၃၀၊ အားကစားသင်တန်းသို့ ၁၀ဦးတို့ တက်ရောက်ကြကာ သင်တန်းကာလ ၁၀ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ကြီးမြို့နယ် ရွာအင်းကြီးကျေးရွာ ပညာနန်းတော် စာကြည့်တိုက်ဖွင့်ပွဲကို မတ်၆ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ မြို့နယ် ဥက္ကဋ္ဌ ဦးဇော်မျိုးညွှန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်မျိုးထွေးတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အင်းတော်မြို့နယ် ရန်ကင်းရွာ၌
မီးလောင်မှုဖြစ်ပွား

အင်းတော် မတ် ၃၁

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာနေ ဒေါ်တင်လှိုင်၏နေအိမ် မီးဖိုချောင် မီးကြွင်းမီးကျန်မှ မတ် ၂၆ရက် ည ၉နာရီက စတင်မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၁၄အိမ် မီးလောင်သွားခဲ့ပြီး အိမ်ထောင်စု ၁၄ စုမှ စုစုပေါင်း ၈၆ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့သည်။

အရေးယူထား

မီးလောင်မှုကို ကျေးရွာပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှု စတင်ဖြစ်ပွားသည့် အိမ်ရှင်ဒေါ်တင်လှိုင်(၅၁)နှစ် (ဘ)ဦးလှဖေအား သက်ဆိုင်ရာမှ စစ်ဆေးအရေးယူထားသည်။ (၀၃၀)

ပလက်ဝမြို့ မြို့မဆိပ်ကမ်း တက်လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေးအတွက် ခြံစည်းရိုးဆေးသုတ်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့်အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သက်ကြီးနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ဂုဏ်ပြုထောက်ပံ့ငွေပေးအပ်ပွဲ မိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ မတ် ၂၅

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ မိတ္ထီလာမြို့၏ (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက်(၇၅)နှစ်အထက် သက်ကြီးအဖွဲ့ဝင်များနှင့် တပ်မတော်တွင် စစ်မှုထမ်းဆောင်စဉ်က နိုင်ငံတော်အတွက် ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြရသော မသန်စွမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို မတ်၂၀ရက် နံနက် ၁၀နာရီက မိတ္ထီလာကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အကျယ်တဝင့်

အခမ်းအနားတွင် မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီး တင်မောင်ဌေး(ငြိမ်း)က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ မြို့နယ်စည်းရုံးရေးကော်မတီ၏ လုပ်ငန်းကဏ္ဍကြီး (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေနှင့် အထူးအားဖြင့်လူမှုရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းကဏ္ဍဆောင်ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထောက်ပံ့

ထို့နောက် (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးအဖွဲ့ဝင် ၉၇ဦးနှင့် မသန်စွမ်း အဖွဲ့ဝင် ၁၀၆ဦး တို့အတွက် ဂုဏ်ပြုထောက်ပံ့ ငွေကျပ် ၂၁၈၅၀၀၀ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

(၀၈၆)

ကာမိုင်းမြို့၌ မီးငြိမ်းသတ်ရေး သရုပ်ပြ

ကာမိုင်း မတ် ၂၅

ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့မ အရန်မီးသတ်တပ်ဖွဲ့နှင့် ဈေးသူဈေးသားများစုပေါင်း၍ မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၆ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း ဦးဆောင်၍ မြို့တာဝန်ခံဦးမိုးလွင်(ဦးစီးအရာရှိ)၊ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးယုန်ဖု (ခ) ရန်နိုင်နှင့် မြို့မအရန်မီးသတ်တပ်ဖွဲ့တပ်ခွဲမှူး ဦးမြင့်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖျာပုံခရိုင် ဖျာပုံမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ် ၂၈ရက်က ဖျာပုံမြို့နယ် အကျဉ်းဦးစီးဌာနတွင် တပ်ဖွဲ့ဝင်နှင့်မိသားစုများအား မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုတို့ကို အကျဉ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်ဝင်း၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် မြို့နယ်အတွင်းရေးမှူး ဦးညီညီထွဋ်တို့ ကြီးကြပ်ပေးစဉ်။

(၁၅၅)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု လင်းခေးမြို့နယ်၌ တံတားနှင့်ကျောက်ချောလမ်းသစ်ဖွင့်

လင်းခေး မတ် ၃၀

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လင်းခေးခရိုင် လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ တံတားနှင့် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၂ရက် နံနက် ၈နာရီက လင်းခေးမြို့ မြို့ဦးရပ်ကွက်ရှိ ချယ်ရီလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်နိုင်ဦးက တံတားနှင့် လမ်းသစ်ကို တည်ဆောက်ခင်းကျင်းပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အချက်အလက်များ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်နိုင်ဦး၊ ခရိုင်ဥက္ကဋ္ဌဦးစန်းမြင့်အောင်နှင့် တာဝန်ရှိသူများအား တံတားနှင့် လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ အမှတ်တရ ပေးအပ်ပြီး တံတားနှင့် လမ်းသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရန်နိုင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ)

အကုန်အကျခံ

အဆိုပါ တံတားနှင့်ကျောက်ချောလမ်းသစ်ကို လင်းခေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ (ခွင့်ပြု)ရန်ပုံငွေ ကျပ်သိန်း ၆၀ ဖြင့် အကုန်အကျခံကာ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်သည့် မြဝတီ-မဲထော်သလေး ကျေးလက်လမ်းကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်ကျော်မင်း ဖေဖော်ဝါရီ၂၂ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

ဦးမောင်တင်-ဒေါ်သိန်းရှင်တို့အားရည်စူး၍ (သား)ဦးလှသိန်း (ဒုတိယဥက္ကဋ္ဌ တွံတေးမြို့နယ်အသင်း)-ဒေါ်လှတင့်မိသားစု၊ နှစ်ဖက်သောမိဘများနှင့် အစ်မ ဒေါ်မြနု၊ ခင်ပွန်းဦးလှဖေအား ရည်စူး၍ ဒေါ်စန်းရီနှင့် သားသမီး၊ မြေးမြစ်များက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာသို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံယူစဉ်။

(၁၀၅)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်/ဆက် လက်ထောက်ညွှန်မှူး ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ထားမှုနှင့် အဆောက်အအုံဆောက်လုပ်မည့် မြေနေရာကြည့်ရှုစစ်ဆေး

ပြည် မတ် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်သည် မတ်၂၀ရက် နံနက် ၁၀နာရီက ပြည်ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းမြင့်တို့ လိုက်ပါလျက် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ကျေးရွာ အလင်းတန်း စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစောအောင်နှင့် စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံကာ စာအုပ်စာစောင်များတိုးပွားရေး၊ ကိုယ်ပိုင်မြေနှင့် အဆောက်အအုံဖြစ်ပေါ်လာရေး၊ စံ(၅)ရပ်နှင့် ပြည့်စုံရေးတို့ကို ဆွေးနွေးမှာကြားကာ အဆောက်အအုံဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်း

ထို့နောက် ပန်းတောင်းမြို့နယ်ရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဌာနလုပ်ငန်းအပေါ် အားကြိုးမာန်တက်ဖြင့် စေတနာထားဆောင်ရွက်ရေး၊ ရုံးလုပ်ငန်းများ သွက်လက်မြန်ဆန်ရေး၊ ဌာနစာကြည့်တိုက်အတွက် အလှူရှင်နှင့် စာအုပ်စာစောင်များ တိုးပွားရေး၊ စာငှား၊ စာဖတ်သူတိုးပွားရေး၊ မီဒီယာသမားကောင်းများဖြစ်ရေး၊ ရုံးအဆောက်အအုံ ကောင်းမွန်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များ အပေါ် ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်တွေ အထက်တန်းရက်ကန်းကျောင်း သင်တန်းဆင်း

စစ်တွေ ဧပြီ ၁

၂၀၀၈-၂၀၀၉ ပညာသင်နှစ် အထက်တန်းရက်ကန်းကျောင်း သင်တန်းဆင်းပွဲ အခမ်းအနားကို မတ်၃၁ရက် နံနက်၉နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ အထက်တန်းရက်ကန်းကျောင်း၌ကျင်းပရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေက သင်တန်းဆင်း အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် စစ်တွေမြို့အထက်တန်းရက်ကန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ပြည်နယ်မှူးနှင့် လက်ထောက်ပြည်နယ်မှူး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် သင်တန်းသူများတက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

လုပ်ငန်းအရည်အသွေး မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ မန္တလေးတွင်ကျင်းပ

မန္တလေး မတ် ၃၀

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် ရုံးလုပ်ငန်း အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၃ရက် နံနက် ၈နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အောင်မြေသာစံမြို့နယ်ရုံး ရုပ်သံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများက ရုံးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို ဆွေးနွေးပို့ချကြရာ မြို့နယ်ခုနစ်မြို့နယ်မှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသော အားဖြင့် လောင်းလုံးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ထိန်သစ်ကျောင်းလမ်း ကျောက်ချောလမ်းဖွင့်ပွဲကို မတ်၂၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်လှနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အုံးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

စိတ်ဖိစီးမှုနည်းပါးစွာ အကောင်းမြင်၍ အပြုံးဆောင်ထားလျှင် ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုလျော့နည်းစေနိုင်

“အစားအသောက်ဆင်ခြင်၊ အဝမလွန်အောင် ထိန်းသိမ်းပြီး နေ့စဉ် လေ့ကျင့်ခန်း လုပ်သင့်ပါတယ်”

ပါမောက္ခ ဦးအောင်ကြီး
ဆေးတက္ကသိုလ်(၂)ရန်ကုန်

ပါမောက္ခဦးအောင်ကြီး

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်

ရန်ကုန် ဧပြီ ၆

ယနေ့ ကမ္ဘာ့နိုင်ငံအများအပြားတွင် ဆီးချိုသွေးချိုရောဂါ အဖြစ်များလာသည်။ ခေတ်ကာလ ပြောင်းလဲလာမှုနှင့်အတူ လူတို့၏ လူမှုဘဝနေထိုင်မှုများလည်း ပြောင်းလဲလာလျက်ရှိရာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူဦးရေ အချိန်နှင့်အမျှ တိုးပွားလာခြင်းဖြစ်သည်။

တွေ့ဆုံမေးမြန်း

ထို့ကြောင့် ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်သင့်သည့်အချက်များကို ပါမောက္ခဦးအောင်ကြီး [ဒုတိယပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်] နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ကမ္ဘာ့နိုင်ငံတွေမှာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူဦးရေ အတော်များနေပြီလို့ ကြားတယ်ဆရာ။

ဖြေ။ ။ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ စာရင်းတွေအရကတော့ တစ်ကမ္ဘာလုံးမှာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူဦးရေဟာ ၁၉၉၅ခုနှစ်မှာ ၁၃၅သန်းရှိခဲ့ပြီး လာမယ့် ၂၀၂၅ခုနှစ်မှာ သန်း၃၀၀အထိရှိလာမယ်လို့ ဖော်ပြထားတယ်။ အရှေ့တောင်အာရှမှာတော့ ၂၀၂၅ခုနှစ်မှာ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသူဦးရေ ၇၉ ဒသမ ၅သန်းရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ရွှေဖရုံသီးဖျော်ရည်ကို ပုံမှန်သောက်သုံးပါက ဆီးချိုသွေးချိုရောဂါ သက်သာနိုင်ဟုဆို

ရွှေဖရုံသီးဖျော်ရည်ကို ပုံမှန်သောက်သုံးပေးခြင်းဖြင့် ဆီးချိုသွေးချိုမြင့်တက်မှု ကျဆင်းစေကြောင်း တရုတ်သုတေသန ပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

သကြားဓာတ်နှုန်း

ရွှေဖရုံသီးတွင် ပါဝင်သော ဓာတ်များက သွေးတွင် ပါရှိတတ်သည့် အဆိပ်များကို ဖယ်ရှား သန့်စင်စေနိုင်ပြီး သွေးတွင်ပါရှိသောသကြားဓာတ်ကိုလည်း ကျဆင်းစေကြောင်း သိရသည်။ ရွှေဖရုံသီးတွင် သကြားဓာတ် ပမာဏ များပြားသည်ဟု ထင်မှတ်ရသော်လည်း သကြားဓာတ် နည်းကြောင်း၊ ကျန်းမာရေးကို အကျိုးပြုသည့် ဓာတ်များ ပါရှိကြောင်း ဖော်ပြထားသည်။

ကျဆင်းနိုင်

ရွှေဖရုံသီးဖျော်ရည်ကို သီတင်းတစ်ပတ်လျှင် တစ်ကြိမ်ခန့် သောက်သုံးပေးပါက ဆီးချိုသွေးချိုမြင့်တက်မှုကို ကျဆင်းစေနိုင်သည့်အပြင် သွေးပေါင်ချိန်မြင့်မှုကိုလည်း ထိန်းပေးနိုင်ကြောင်း၊ ထို့အပြင် ခန္ဓာကိုယ်အတွင်း အဆိပ်ဓာတ်များ ထွက်ရှိမှုကိုလည်း ဖယ်ရှား သန့်စင်စေနိုင်ကြောင်း သိရသည်။

အထောက်အကူပြု

ထို့ကြောင့် ရွှေဖရုံသီးဖျော်ရည်ကို သီတင်းတစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်ခန့် ပုံမှန်သောက်သုံးပေးနိုင်ပါက ကျောက်ကပ်နှင့် အသည်းကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း သိရသည်။

ကျိုက်ထိုမြို့ ဗိုလ်ချုပ်လမ်း မြေယာရှုခင်းအလှကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

မြို့ရွာများ အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဖွံ့ဖြိုးစည်ပင်လျက်ရှိသည့် ကျိုက်ထိုမြို့

သတင်းဆောင်းပါး-မောင်မောင်ထွေး (သတင်းစဉ်) ဓာတ်ပုံ-ပါစီ (သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၆

အနယ်နယ်အရပ်ရပ်က မြို့ရွာတိုင်းမှာ **“မြို့ရွာများ အမြန်ဆုံးခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်”** ဆိုတဲ့ ဆိုင်းဘုတ်များကို ခရီးသွားများ တွေ့မြင်ကြပါလိမ့်မယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

အသံတိတ် ဘက်ထရီအားသုံး ကားများထုတ်လုပ်မည်

သတင်းမှတ်စု
မိုးမြင့်လင်းလက်

နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်နှင့် ဖြစ်ထွန်းနေ သော ယနေ့ခေတ်၌ စက်သုံးဆီ မလိုအပ်ဘဲ ဘက်ထရီဖြင့် မောင်းနှင်နိုင်သည့် အသံတိတ် မော်တော်ယာဉ်များကို အမေရိကန်သုတေသန ပညာရှင်များက တီထွင်ထုတ်လုပ်ရန် စီစဉ်နေပြီ ဖြစ်သည်။

ဓာတ်ဆီနှင့် အခြားစက်သုံးဆီများကို အသုံးပြုမောင်းနှင်မည့် အင်ဂျင်ကို အသုံးပြုခြင်း မဟုတ်ဘဲ ဘက်ထရီအားကို အသုံးပြုပြီး

စာမျက်နှာ ၇ ကော်လံ ၁ ❍

လျှပ်စစ်သုံးလျှင်

သတိယှဉ်

ဝန်အားမမျှ

မသုံးရ

ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် ကမ္ဘောဇအသင်းတို့ ခြေစမ်းပွဲကစားမည်

အနိုင်ရရှိသောအသင်းအား ငွေကျပ် ၂၅သိန်း ချီးမြှင့်မည်

ရန်ကုန် ဧပြီ ၆

AFC Challenge Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင်အသင်းနှင့် AFC President’s Cup ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘောဇ F.C အသင်းတို့သည် ဧပြီ ၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် လှုငယ်အားကစားလေ့ကျင့်ရေး စခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၅ ❐